

စိတ်ကူးချိုချိုအနုပညာ
သန်းဆွေ
ချစ်ထံတျာရှင်
မြန်လည်ဂိုက်နှစ်ခြင်း
mgyoe.com


သန်းဆွေ
ချစ်ထံတျာဝရှင်
ISBN9789997114310
FIC 128
9 789997 114310
2,000.00KS

mgyoe.com

ချစ်ထံတဂျာရှင်၊ သန်းဆွေ
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၁၇၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
ဦးဘရှိနှင့်သမီးများ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ချစ်ထံတျာရှင်

သန်းဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လှိုင်းရေယဉ်ဦး

"ကြမ်းတမ်းလှတဲ့ ဘဝခရီးကို ဖြတ်ကျော်ရင်းနဲ့ပဲ ငါဟာ ချမ်းမြေ့ရိပ်ငြိမ်တဲ့ ကမ်းသာဆိပ် တစ်ခုကို ရောက်ခဲ့တယ်...."

မြအသွေးလို ကြည်လင်နေတဲ့ 'ဂီတမြစ်နဒီ' ရဲ့ ရေအပြင်ကို စိတ်ကူးယဉ် ညင်းလေပြည်နုကလေးတွေ ပက်ဖျန်းလိုက်တိုင်း တလွန့်လွန့်လူးနေတဲ့ လှိုင်းချိုတ်လှိုင်းတွန့်ကလေးတွေ ထပြီး ကမ်းသာစပ်ကို တစ်ဆယ့်နှစ်ပါးသော အသံနဲ့ တဖျတ်ဖျတ် ရိုက်ခတ်နေပုံကလေးတွေကဖြင့် သာယာလှချေရဲ့ကွယ် . . .

ဟောသည်က ငါ့လက်ထဲမှာတော့ကာ နီနီ၊ ဝါဝါ၊ ပြာပြာ၊ ဖြူဖြူ ရောင်စုံတောက်ပနေတဲ့ စာပေပန်းပွင့်ကလေးတွေနဲ့ တစ်ပွေ့တစ်ပိုက်ကြီးပါပဲ. . . "

သည်ပန်းပွင့်ကလေးတွေကတော့ ဘဝကန္တာရရဲ့ တောတောင်ခရီးတစ်လျှောက်ကို ဖြတ်ကျော်ရင်း ပင်ပင်ပန်းပန်းနဲ့ ကြိုးစားဆွတ်ခူးခဲ့မိလို့ ရလာတဲ့ ငါ့ကိုယ်ပိုင် ရတနာများပေါ့ . . . ငါဟာ ဂီတ စမ်းရေယာဉ်ရဲ့ တွန့်ယှက်ကွေ့လိမ်တဲ့ လှိုင်းရေယဉ်လေးတွေပေါ်မှာ စာပေပန်းပွင့်များရဲ့ ကာရန်ပန်းချပ်လွှာနုကလေးတွေကို အရောင်အသွေး အစပ်တည့်

mgyoe.com

mgyoe.com


သလို တစ်ချပ်ချင်း တစ်လွှာချင်း ရွေးချယ်ဖြုတ်ခြွေပြီး မျှော်ချနေခဲ့မိတယ်...

အို . . . ရောင်စုံတောက်ပတဲ့ ပန်းချပ်လွှာကလေးတွေဟာ တစ်ခုနဲ့ တစ်ခု ဖောင်ဖွဲ့ပြီး.....တငြိမ့်ငြိမ့် လှုပ်ရှားနေတဲ့ လှိုင်းရေယဉ်ပေါ်မှာ မျောနေပုံကလေးတွေကို အာရုံဝင်စားရင်းနဲ့ပဲ....ငါဟာဖြင့် ဘယ်လောက်ကြာအောင် မိန်းမော တွေဝေနေမိခဲ့သလဲ မသိပါဘူး....။ ငါရဲ့ ပန်းလျှနွမ်းနယ်လှတဲ့ အတိတ်ကိုတောင်မှ မေ့လုလု ရှိခဲ့ပါပြီ။

ဒါပေမဲ့.....ခုတော့ဖြင့် ရေပြင်မှာ ကြဲကြဲဖန်ဖန်လာပြီး ထင်တဲ့ ရွှဝံကြယ်ရောင်ရိပ်ဟာဖြင့် စာပေကဗျာ ပန်းချပ်လွှာများနဲ့ ထံတျာလှိုင်းအိကလေးတွေပေါ်မှာသာ အာရုံဝင်စားနေမိတဲ့ ငါ့ရဲ့စိတ်ကို ထွေပြားစေခဲ့ပါပေါ့ကွယ်....

ရွှန်းဝင်းတောက်ပတဲ့ အရောင်နဲ့ တလက်လက် လင်းနေတဲ့ ကြယ်ရောင်ရိပ်ဟာလည်း ထံတျာလှိုင်းတွန့်ကလေးတွေထဲမှာတော့ ပျောက်ချည် ပေါ်ချည်နဲ့မို့ ပန်းချပ်လွှာနဲ့ လှိုင်းယဉ်သာများဆီက မျက်စိအာရုံကို လုံးလုံးရုပ်သိမ်းပြီး တကယ်အစစ် ကြယ်ရွှဝံကလေးရှိမယ်ထင်တဲ့ မြောက်ဘက်မိုးဝန်း စကြဲပိုင်းစွန်းဆီကိုသာ ငေးမော့လို့ မျှော်ကြည့်လိုက်ရရင်ဖြင့် တော်လေမလားလို့တောင် အောက်မေ့မိပါတယ်....

ဒါပေမဲ့.....ငါဒီလို မျှော်ကြည့်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း လှိုင်းယဉ်သာပေါ်မှာ မျောပါနေတဲ့ ငါ့ရဲ့ အချစ်ပန်းချပ်လွှာကလေးတွေကို မျက်ခြည်အပြတ်ခံရတော့မှာပဲ....

ကိုစောညိန်းသည် သူ၏ စာနုလွှာကို ဆက်၍ မရေးနိုင်တော့ဘဲ ဖောင်တိန်ကို ဘေးသို့ချကာ ငေးနေလေ၏။

အချိန်သည်ကား ညဉ့်တစ်နာရီ ကျော်ခဲ့ပေပြီ....

ဘတ်စ်ကား မြင်းလှည်း စသော ယာဉ်ရထားများနှင့် လူသံတို့ဖြင့်

mgyoe.com

mgyoe.com


ဆူညံရှုပ်ထွေးခဲ့သော ကြည့်မြင်တိုင် ရပ်ကွက်မှာလည်း အိပ်ပျော်သွားသော ကလေးဆိုးကဲ့သို့ ငြိမ်သက်လျက် ရှိလေသည်။

သူ၏စိတ်အာရုံမှာမူ ထိုကြည့်မြင်တိုင် ရပ်ကွက်ကို ကျော်လွန်ကာ ငယ်စဉ်က အဖြစ်ဟောင်းများကို ပြန်ပြောင်းတသ သတိရမိလေ၏။

သူဖြတ်ကျော်လာခဲ့ရသည့် ဘဝခရီးကား ပင်ပန်းလှဘိသည်။

* * *

သူ၏ မိဘများဖြစ်ကြသည့် ဦးမောင်ကြီး ဒေါ်တင်တို့မှာ အထက်ဗမာပြည် မြင်းခြံနယ် ရွာသာယာ၌ ဆီဆုံဖွင့်ကာ စီးပွားရေး ချောင်လည်ခဲ့ရာမှ ၁၂၈၆ ခုနှစ် တန်ခူးလဆန်း ၈ ရက်နေ့တွင် သားဦး ယောကျ်ားဖြစ်သော သူ့အား မွေးဖွားခဲ့လေသည်။ သားဦးယောကျ်ားလေး မွေးပြီးနောက် တစ်နှစ်ခန့်အကြာတွင် ဆီဆုံကို မီးလောင်လေတော့ရာ သားအဖသုံးဦးမှာ ရွာသာယာတွင် မနေနိုင်ကြတော့ဘဲ အောက်မြန်မာပြည်သို့ ဆင်းခဲ့ပြီး ရန်ကုန်မြို့ ဘုရားလမ်း ယခင်က မြင်းပြိုင်ကွင်းဟောင်း အနီး၌ နေရင်း ပြိုင်မြင်းများကို မွေးမြူနေထိုင်ခဲ့ကြလေသည်။ ရှေးက အကျိုးဆက်နိမ့်ခဲ့ပြီဖြစ်သော ဦးမောင်ကြီး ဒေါ်တင်တို့ကား ရန်ကုန်တွင် နေခဲ့ရသော်လည်း ပြန်လည်၍ စီးပွားတိုးတက်ခြင်း မရှိတော့ဘဲ အခြေအနေမှာ လျော့ပါး၍သာ လာခဲ့လေတော့သည်။

သားဦးလေး ကိုစောညိန်း တစ်ယောက် ကျောင်းနေချိန် ရောက်လာသည်တွင်လည်း ကျောင်းကြီးများ၌ မထားနိုင်ရှာဘဲ ရန်ကုန်မြို့ ၂၁ လမ်းတွင်ရှိ ဦးဘိုးအေးကျောင်း၌ တိုင်းရင်းဘာသာစာပေကို သင်ကြားစေခဲ့ကြ၏။ ထိုကျောင်းက ခုနစ်တန်းအောင်ပြီးသည်တွင်မှ သရက်တော ဦးပရမကျောင်းတွင် ဆက်လက်၍ ဆယ်တန်းအောင်သည်အထိ ပညာရှာစေခဲ့လေသည်။

mgyoe.com

mgyoe.com


ကိုစောညိန်းကား ထိုစဉ်အခါကပင် ကျယ်ဝန်းနက်ရှိုင်းလှစွာသော အနုပညာ သမုဒ္ဒရာကြီး၏ ကမ်းစပ်ဆီသို့ လှမ်းကပ်ခဲ့သူ ဖြစ်လေသည်။

သူကား အချိန်အားရပါက တငေးငေး တငိုင်ငိုင်နေရာက စာသားမပီသသော တေးသွားများကို ညည်းညူရွတ်ဆိုနေတတ်သည်လည်း ရှိ၏။ ဇာတ်ထဲက မင်းသားကြီးများဟန်ဖြင့် ကိုယ်ကလေး တနွဲ့နွဲ့မော့လျက် တစ်ချီရယ်လျက် တစ်ဖုံအမူအရာ... အစုံစုံဖြင့် ဆိုကာမြည်ကာ ဟန်ချီကာ နေတတ်သည်လည်း ရှိ၏။ .....ထိုမှ ဒူလေတေလေ တီးမှုတ်လိုသည့် စိတ်ပေါ်လာသည့်အခါ မိဘများကို အပူမရှာဘဲ သူ့ဘာသာသူ ကြိုးတပ် တူရိယာတစ်ခု ပြုလုပ်ကာ တီးခေါက်နေသောအခါ ဖခင်လုပ်သူက သူ့အား တယောပြား တစ်လက်ကို ရှာဖွေဝယ်ယူ၍ ပေးခဲ့လေသည်။

သူတို့နေရသည့် အိမ်မှာ ဂျူဘလီဟောနှင့် နီးလေရာ ဂျူဘလီဟောမှာလည်း ထိုအခါက မကြာမကြာ ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပတတ်လေရာ ထိုပွဲသဘင်များဆီမှ ကြားရသော တေးဂီတသံများကို ကိုစောညိန်းခမျာမှာ သူကိုယ်ပိုင်အသံဖြင့် မီသမျှ နားလည်သမျှ သီဆိုရင့်ကျူးခဲ့ရှာလေသည်။

သူကား ဂီတတွင်သာလျှင် ပါရမီရင့်သန်ခဲ့သည်သာ မဟုတ်။ စာပေနှင့် ပန်းချီတွင်လည်း ဖြစ်မြောက်အောင် ရေးဆွဲခဲ့သူ ဖြစ်လေသည်။

ခရစ်သက္ကရာဇ် ၁၉၃၈ ခုနှစ်လောက်ဆီက မြို့မကျောင်းသားကိုညီညီ(ယခု သမာဓိတိုက်အုပ်)က ကာတွန်းရုပ်စုံ ဟူသော အမည်ဖြင့် ကာတွန်းမဂ္ဂဇင်း တစ်ခု ထုတ်ဝေခဲ့လေသည်။ တစ်ခါတွင်မူ ထိုရုပ်စုံတိုက်မှ ကာတွန်းဝါသနာပါသူ ကျောင်းသားများအတွက် 'အရုပ်ဆွဲနေသူ' ဟူသော ခေါင်းစဉ်ဖြင့် ကာတွန်းဆွဲပို့ကြပါရန် ကာတွန်းပြိုင်ပွဲ

mgyoe.com

mgyoe.com


အစီအစဉ် တစ်ခုကို ကြေညာခဲ့လေရာ ကိုစောညိန်း၏ကာတွန်းမှာ ပထမဆုအဖြစ် ရွေးချယ်ခြင်း ခံရလေသည်။ ကိုစောညိန်း ဆွဲလိုက်သည့် ပုံကား 'ပန်းချီ အရုပ်ကားကို ရေးဆွဲနေသည့်ပုံ မဟုတ်ဘဲ....ကလေးမ ကလေး တစ်ယောက်က ကစားစရာအရုပ် တစ်ခုကို ကြိုးဖြင့်ချည်၍ ဆွဲလာသောပုံ ဖြစ်လေသည်။

စိတ်ကူးဉာဏ်ကောင်းလှသော အသက်ဆယ့်လေးနှစ်အရွယ် ကျောင်းသားလေး ကိုစောညိန်းအား ကာတွန်းရုပ်စုံတိုက်သို့ခေါ်၍ ပထမ ဆုအဖြစ် ငွေကိုးကျပ် ချီးမြှင့်သောအခါ ကိုစောညိန်းက 'ကျွန်တော် ဒီ ကာတွန်းပြိုင်ပွဲကို ဝင်တာဟာ...ငွေလိုချင်လို့ မဟုတ်ပါဘူး.....ကာတွန်း ဆွဲချင်လို့ ပန်းချီဆွဲချင်လို့ပါဗျ'ဟု အရွယ်နှင့် မတန်သော စကားကို ဆိုလိုက်လေရာ....ကာတွန်းရုပ်စုံ အယ်ဒီတာ ကိုညီညီမှာ လွန်စွာ သဘော ကျ နှစ်ခြိုက်သွားပြီး သူ့အား ကာတွန်းရုပ်စုံတွင် အပတ်စဉ် အခန်း တစ်ခန်း ယူ၍ ဆွဲရန် တာဝန်ပေးအပ်လေတော့သည်။

ထိုစဉ်က ကာတွန်းရုပ်စုံ၌ သူဆွဲရသော အခန်းကား 'မောင်ကျ ဘမ်း' ဖြစ်လေသည်။ သူ့၌ စာပေဗဟုသုတ ကျယ်ဝန်းသည်နှင့်အမျှ သူ့ကာတွန်းဇာတ်လိုက် မောင်ကျဘမ်းမှာလည်း ကြီးကျယ်လေးနက် သရော်တော်တော် စကားလုံးများဖြင့် ကာတွန်းရုပ်စုံ လူထုအား ဖျော်ဖြေ နိုင်ခဲ့လေသည်။

ဆယ်တန်းအောင်၍ ကျောင်းမှ ထွက်သောအခါ၌ကား ကာတွန်း ရုပ်စုံတွင် ကာတွန်းဆရာအဖြစ်ဖြင့်သာမက ကာတွန်းရုပ်စုံတိုက်၏ စာ ရေးအဖြစ်ဖြင့်ပါ ကိုညီညီ၊ ကိုဘုန်းကြွယ် (ကွယ်လွန်သူ မြို့မဘုန်းကြွယ်) တို့နှင့်အတူ တွဲဖက်လုပ်ကိုင်ခဲ့ရလေသည်။

ထိုအခိုက် ဒုတိယကမ္ဘာစစ်တည်း ဟူသော မုန်တိုင်းသည် ပြင်း ထန်စွာ တိုက်ခတ်လိုက်လေရာ ကိုစောညိန်း၏ ဘဝခရီးမှာလည်း ကပြောင်းကပြန်ဖြစ်ကာ မှောင်အတိကျခဲ့ပြန်လေတော့သည်။

mgyoe.com

mgyoe.com


ကမ္ဘာစစ်မဖြစ်မီအတွင်း ကြည့်မြင်တိုင် ပိတောက်တန်းတွင် ပြောင်းရွှေ့နေထိုင်ခဲ့ရာမှ စစ်ဖြစ်လာသောအခါ ခရမ်းမြို့ဘက်ဆီသို့ ပြေးရှောင် ပုန်းခိုနေခဲ့ကြလေသည်။

မည်သို့ပင် ခေတ်၏ ပုတ်ခတ်ချက်ဖြင့် ကြုံခဲ့စေကာမူ သူကား တုန်လှုပ်ခြင်းမရှိဘဲ သူ၏အနုပညာ တိုးတက်ရာ တိုးတက်ကြောင်းကို သာ ကြံစည်ကြိုးစားနေခဲ့သူပီပီ ရောက်ရာအရပ်တွင် တယောပြားကို အဖော်ပြု၍ သူ၏ ဘဝအား သက်သာရာရစေခဲ့လေသည်။

ဂျပန်ခေတ်အတွင်း၌လည်း သူကား သူ၏ဂီတဖြင့်သာ ပျော်ခဲ့ လေသည်။ ခရမ်းတွင်နေရင်း.....တယောဖြင့်သာ ပျော်နေခိုက် ဂီတတွင် အကျွမ်းဝင်သူ မိတ်ဆွေအချို့၏ ဖိတ်ခေါ်ချက်ကြောင့် ကိုစောညိန်းမှာ ဒေးဒရဲမြို့ဆီသို့ လိုက်သွားခဲ့လေသည်။ ထိုသို့ ကိုစောညိန်း ဒေးဒရဲသို့ လိုက်သွားသည့်အချိန်အခါကား အခါကာလကောင်း မဟုတ်။ ဂျပန်များ ကို တော်လှန်ပုန်ကန်ပြီးနောက် အင်္ဂလိပ် အမေရိကန်တို့ မြန်မာပြည်သို့ တစ်ဖန်ပြန်၍ ဝင်လာကြသည့်အချိန် နိုင်ငံရေး ပါတီရေးတို့ ရှုပ်ထွေးပွေ လီမ်နေချိန် ဖြစ်၏။

ကိုစောညိန်းကား ခေတ်ကို ဂရုထားသူ မဟုတ်၊ သူ့ဘဝ၌ သူ ဂရုထားသည့်အရာမှာ ဂီတသာလျှင်ဖြစ်လေရာ ဂီတအကျွမ်းဝင်သူများ ၏ ဖိတ်ခေါ်ချက်ကြောင့်သာ လိုက်ပါလာခြင်းသာ ဖြစ်၏။ သို့သော် ထိုမြို့ပေါ်ရှိ နိုင်ငံရေးသမားများကမူ....သူ့အား သင်္ကာမကင်းရှိကြပြီး နောက်ယောင်ခံနေကြရာမှ သူ၏ဘဝမှန် အနေမှန်ကို သိလာကြသော အခါ ခင်မင်ရင်းနှီးလာကြလေတော့သည်။ ဤတွင် "ရန်ကုန်ဘဆွေ လေး" "ဂီတလုလင်မောင်ကိုကို" စသော ဂီတပညာရှင်၊ ပန်းချီအနုပညာ ရှင်တို့နှင့်ပေါင်းမိကာ "စစ်ပြန်" ဟူသော ပြဇာတ်တစ်ခု ဖန်တီးမိကြပြီး ရန်ကုန်မြို့ပေါ်သို့ တက်လာခဲ့လေသည်။

mgyoe.com

mgyoe.com


ကိုစောညိန်းကား သူကိုယ်တိုင် ဓာတ်ခုံပေါ်သို့တက်ကာ ဓာတ်ကောင်အဖြစ်ဖြင့်လည်း ပါဝင်ခဲ့လေသည်။ ထို့နောက် ထိုပြဇာတ်အဖွဲ့ဖြင့် လိုက်ရင်း ကျန်းမာခြင်း ချို့ယွင်းလာသဖြင့် မိဘများထံသို့ ပြန်ခဲ့ရလေသည်။

သူ ကျန်းမာလာသောအခါ၌ ရန်ကုန်တွင် ကာတွန်းရုပ်စုံ စာစောင် တစ်ဖန်ပြန်၍ ဖွင့်လှစ်နေပြီကို သိရသောအခါ ရန်ကုန်သို့ တက်ခဲ့ပြီး ကိုညီညီ၊ ကိုဘုန်းကြွယ်တို့နှင့်အတူ နေထိုင်ခဲ့လေသည်။ ထိုသို့နေရင်းက သူ လေ့လာဆည်းပူးထားသော အဘိဓမ္မာတရား၊ လောကဓာတ်ပညာနှင့် ဂီတအနုပညာတို့ကို ချစ်ရေးကြိုက်ရေးဖြင့် ရောမွှေခြယ်လှယ်ထားသော ဝတ္ထုတစ်ပုဒ်ကို ရေးခဲ့လေသည်။ ထိုဝတ္ထုကား "မရဏ မောင်းသံ" ဟူသော အမည်ဖြင့် ခေတ်ပြင် စာအုပ်တိုက်မှ ထုတ်ဝေခဲ့လေသည်။

သို့သော် စာပေလောကဆိုသည်မှာလည်း ပန်းမွေ့ရာခင်းထားသကဲ့သို့ ဖြောင့်စင်းသာယာသောဒေသ မဟုတ်လေရာ ကိုစောညိန်းခမျာမှာ မသေချာ မရေရာလှသော စာပေနယ်တွင်းသို့ ချဉ်းနင်းဝင်ရောက်ခြင်းဟာ မဝံ့ရှာဘဲ ကာတွန်းရုပ်စုံတိုက်မှ တိုးချဲ့ဖွဲ့စည်းလိုက်သော သမာဓိသတင်းစာတိုက်တွင်ပင် စာရေးဘဝဖြင့် လခမှန်မှန်ရသော အလုပ်ကိုလုပ်၍ နေခဲ့ရလေသည်။

ဤသို့လျှင် သူ့ဘဝသည် နိမ့်တုံမြင့်ချည် မညီမညာ ပူကာ တစ်လှည့် အေးတစ်လှည့်ဖြင့် ကြုံရစေကာမူ သူ့အား အစဉ်အပန်းဖြေလျက်ရှိသော အရိပ်ကောင်းတစ်ခု ရှိခဲ့၏။ ထိုအရိပ်ကား 'ဂီတရိပ်သာ' ပင်ဖြစ်လေသည်။

* * *

mgyoe.com

mgyoe.com


ကိုစောညိန်းသည် သူ၏စာနှလွှာကို တစ်ဖန်ပြန်၍ ဖတ်ကြည့်ပြန်လေ၏။

ထို့နောက် ဘေးတွင်ရှိ ပတ္တလားကို ခေါက်ရင်း ထိုစာနကို ဂီတအဖြစ် ဖန်တီးရန် အသံရှာလေတော့သည်။ သို့ဖြင့် သူ၏ အသည်းနှလုံးမှ ပွင့်လျှံလာသော သူ၏ဘဝတေးသံသည် တစ်လုံးစီတစ်လုံးစီ ထွက်ပေါ်လာရာမှ နောက်ဆုံးတွင် အသံလွှင့်ဌာနမှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားလေတော့သည်။

"နိမ့်တုံ မြင့်ချည်၊ မြေမညီတဲ့ လမ်းကြမ်းပါဘိ ကန္တာမြိုင်လို၊ ထိုဘဝ တစ်သက်တာ၊ ပြင်းပြစွာသော ခရီး၌၊ ချွေးပြိုက်တွေ ဒီးဒီးမျှ စီးကျကာ ကြွေဖြာစေခဲ့ရာ ကုန်ခြေပန်းပါလို့၊ မလှမ်းချင့် လှမ်းချင်ချင်မှာ၊ ဖြာစိမ်းကြည်လင်တဲ့ လှိုင်းရေယဉ်ဦးကို ဖန်ကာ၊ ရပ်နားမှီခိုလော့.... ဆီးယူကြို လက်ခံလေတာ ချမ်းမြေ့တည်ငြိမ်စွာ၊ ကွေးဝိုက်ရေညို့ အဏ္ဏဝါက သီတာမြစ်ဂီတလျှင် မြစင်သား၊ ပြယားနီလာ.... စိတ်ကူးယဉ်လေအေး၊ ပက်ဖျန်းဆောင်ယူသွေးတော့ လိမ်ခွေရှက်ကွေးတွန့် ရေပြင်ရေလွှာ၊ လူးလွန့်မြူး ခုန်ကာသာ၊ လှိုင်းလိမ့်ကလေးတွေညီညာ မဟီသောင်ခြေကမ်းကို၊ ပန်းဝင်လုကာ သံသာမြည်ကြွေးရှာ....."

သူ၏ဖြစ်စဉ်ကို ဖော်ကျူးရာဖြစ်သော ဤသီချင်းကို သူ ကိုယ်တိုင် အသံလွှင့်ဌာနမှ သီဆိုခဲ့၏။ သို့သော် ကြားရသူတို့မှာ ဘာကိုဆိုလိုကြောင်း နားမလည်ကြ၊ "ဂီတသမား တစ်ဦးသည် ဂီတဖြင့် သူ၏ဘဝအား မည်သို့ဖြေသိမ့်ခဲ့ရသည်။ ထိုသို့ဖြေသိမ့်ရင်း ကြမ်းတမ်းလှသော ဘဝခရီးကို လျှောက်၍ လာခဲ့သည်မှာ ယခုအခါတွင်မှ ပန်းတိုင်သို့ ရောက်လုနီးပါး ဖြစ်ခဲ့ပေပြီဟု တွေးမိကြောင်း... စသည်ဖြင့် ရေးသားထားပါတကားဟု မည်သူမျှ မရိပ်စားမိကြ.....

"မဟီမြေသောင်ခြေကမ်းကို၊ ပန်းဝင်လုကာ သံသာမြည်ကြွေးရှာ ......"

mgyoe.com

mgyoe.com


မှန်ပါပေသည်၊ သူ့ဘဝကား ယခုမှ သူရည်မှန်းရာ ပန်းတိုင်အနီးသို့ ရောက်လုနီးနီး ရှိသေးသည်။

သူသည် သမာဓိသတင်းစာတိုက်တွင် စာရေးအလုပ်ကို လုပ်ရင်း ဂီတပညာကိုလည်း တစ်ဖက်က လေ့လာဆည်းပူးလျက်သာနေရင်းက သူ၏ ရည်မှန်းချက်ပန်းတိုင်နှင့် နီးကပ်ရာ နီးကပ်ကြောင်း ပေါ်ပေါက်ခဲ့လေသည်။

ဖြစ်ရပုံမှာ... သူ အလုပ်လုပ်နေသော သမာဓိတိုက်မှ တိုက်အုပ်ကိုညီညီမှာ ရုပ်ရှင်ပြဇာတ်တို့ကို လေ့လာဝေဖန်နေခဲ့ရာမှ စာရေးဆရာသုခနှင့်အတူ ပြဇာတ်တစ်ခုတင်ပြကြရန် စီစဉ်ခဲ့လေသည်။ ထိုပြဇာတ်မှာ "တေးချိုချို" ဖြစ်လေသည်။ ပြဇာတ်မှာ ဂီတ၏အစွမ်းသတ္တိ ထက်မြက်ပုံကို ဖော်ပြသည့် ဇာတ်ဖြစ်လေရာ ဇာတ်ကောင်တို့သည် ဂီတ၌ အကျွမ်းဝင်သူများဖြစ်ရန် လိုအပ်လာလေသည်။

ပြဇာတ်အစမှာ စစ်စခန်းတစ်ခု၌ ပိတောက်ပန်းများ ကြွေနေသည့် အခန်းမှ စလေသည်။ ထိုသို့စစ်မြေစခန်း၌ ပိတောက်ပန်းများ ကြွေနေသည်တွင် စစ်သားတစ်ယောက်က မယ်ဒလင်ကို တီးရင်း "ပိတောက်တွေ ရွှေရည်လူးကြမယ့် အခြေ....ပုလဲငုံ စံပယ်ဖြူဖူးခိုက်ဝေဝေ" ဟူသော ပြည်လှဖေ သီဆိုသည့် နတ်သျှင်နောင် သီချင်းထဲမှ သီချင်းပိုဒ် တစ်ပိုဒ်ကို သီဆိုရလေသည်။

ပြည်လှဖေ၏နတ်သျှင်နောင်သီချင်းမှာ စစ်မဖြစ်မီက ပေါ်ပေါက်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်အတွင်း ဗမာတို့ စစ်စိတ် စစ်သွေးကြွနေကြသည့်အချိန်၌ အထူးကျော်ကြား ထင်ရှားလာကာ လူကြိုက်များလှသဖြင့် လူတိုင်းလိုလိုရနေသော သီချင်း ဖြစ်လေသည်။ သို့သော် ဌာန်ကရိုဏ်းကျနအောင် စည်းနှင့်ဝါးနှင့် တူရိယာနှင့် ဂီတမြောက်အောင် ဆိုနိုင်သူကား ရှားလှပေသည်။

mgyoe.com

mgyoe.com


အထူးသဖြင့် "ပိတောက်တွေ ရွှေရည်လူးကြမယ့်အခြေ ပုလဲငုံ စံပယ် ဖြူဖူးခိုက်ဝေဝေ" ဟူသော အပိုဒ်မှာ......သီချင်းရေးဆရာ မြို့မငြိမ်း က 'မှုမပြေ' အစချီသော 'မှိုင်' ထဲမှ 'စိတ်သာပြေကြောင်း နွှဲ့နှောင်းမှာ နိဗ္ဗူညောင်စောင်း ကံကောင်းပါ' ဟူသော အပိုဒ်မှ တီးကွက်နှင့် တေးသွားကိုယူ၍ ကွန့်ထားသဖြင့် ထိုသဘောကို မရိပ်စားမိသူများအဖို့ ပြောင်မြောက်အောင် သီဆိုနိုင်ဖို့ ခဲယဉ်းလှပေသည်။

ဆရာသုခက သူ၏ ဇာတ်ကွက်ထဲတွင် အရေးကြီးလှသော ဇာတ်ကောင်မဟုတ်သည့် စစ်သားလေးတစ်ဦးအား နုတ်သျှင်နှောင် သီချင်းထဲမှ ထိုအပိုဒ်ကိုသာ ဆိုစေချင်သည်။ ဆိုသည့်အခါတွင်လည်း ဖြစ်ကတတ်ဆန်းဆိုသည်ကို အလိုမရှိ၊ ကျကျနန သဘောကို သက်ဝင်စွာ သီဆိုမည့်သူကိုသာ အလိုရှိခဲ့သည် . . .။ ဆိုတတ်သူကား တော်တော်နှင့် မတွေ့နိုင်ခဲ့။

ဆရာသုခနှင့် ကိုညီညီတို့ ထိုအတွက် အခက်အခဲတွေ့ကာ ညည်းညူနေကြသည်ကို ကိုစောညိန်း ကြားရသောအခါ ကိုညီညီအား 'ကျွန်တော် ဆိုမယ်လေဗျာ . . .' ဟု ဆရာသုခ မရှိခိုက်တွင် ပြောခဲ့လေသည်။

ကိုညီညီမှာ ကိုစောညိန်း တယောထိုးတတ်သည်ကို သိသော်လည်း သီချင်းဆိုတတ်သည်ကိုကား မသိခဲ့။ တစ်ခါတစ်ရံ ကိုစောညိန်း သီချင်း ဆိုနေသည်ကို ကြားရသည့် အခါများတွင်လည်း . . .

"ဟော့ကောင် တော်ပါတော့ကွာ၊ မင်းသီချင်းဆိုတာက ချွဲလွန်းပါတယ်။ မင်းအသံကို ငါတို့ မကြိုက်ပါဘူး . . ." ဟု ရင်းနှီးသူပီပီ ပြောင်ချော်ချော်ပြောခြင်းဖြင့် အဆိုရပ်စေခဲ့သောကြောင့် ကိုစောညိန်း သီချင်းဆိုသည်ကို အစမှ အဆုံးတိုင်အောင် မကြားခဲ့ရ၊ သီချင်းဆိုလျှင်လည်း ကောင်းလိမ့်မည် ဟူ၍လည်း မထင်ခဲ့၊ ထို့ကြောင့်လည်း သူကိုယ်

mgyoe.com

mgyoe.com


တိုင် စိမ်အုပ်ချုပ်ပြုလုပ်သော 'တေးချိုချို' ၌ ကိုစောညိန်းအား လုံးဝသတိမရခဲ့၊ ယခုကဲ့သို့ ကိုစောညိန်းက ပြောလာသည်တွင်လည်း ခပ်ပေါ့ပေါ့ပင် 'အေးလေ... ညကျရင် ငါနဲ့လိုက်ခဲ့ပေါ့၊ ကိုသုခအိမ်မှာ ဇာတ်တိုက်မယ်။ အဲဒီတော့ ကိုသုခကို ဆိုပြလေ သူကြိုက်ရင်လည်း ဝင်ကပေါ့ . . .' ဟု ပြောခဲ့လေသည်။

ဆရာသုခနှင့် တွေ့၍ နတ်သျှင်နောင် သီချင်းကို ဆိုပြလိုက်သောအခါ ကိုညီညီက ကြိုက်လှသည်ဟူ၍ မဖြစ်မိသော်လည်း ဆရာသုခကမူ လွန်စွာသဘောကျကာ ပြဇာတ်တွင် အသုံးချရန် ရွေးချယ်ခဲ့လေသည် . . .။ သူသည် ထိုပြဇာတ်၌ စေတနာ့ဝန်ထမ်း ကူညီကပြခြင်းအားဖြင့် သူ၏ အနုပညာစွမ်းကို အသုံးချခဲ့လေသည်။

ထိုနှစ်က ကျင်းပသော ဂီတပြိုင်ပွဲ၌ သူသည် တယော ဝင်ပြိုင်ရန် သူ၏မိတ်ဆွေ စာရေးဆရာတစ်ဦးနှင့် ကြံစည်ခဲ့ရင်း သူတတ်ထားသော အသွားသည် အဆင့်အတန်း မီမမီ အဆုံးဖြတ်ခံလိုသဖြင့် စောင်းဦးဘသန်းထံသို့ သွားရောက်ခဲ့ကြလေသည်။ ဆရာဦးဘသန်းက ပြိုင်ပွဲဝင်ရန်အတွက် ရောက်လာကြောင်း သိရသောအခါ တယောလက်သံကိုသာ ချီးမွမ်းပြီး ပြိုင်ပွဲဝင်ရန် ကိစ္စကိုမူကား တိုက်တွန်းခြင်း မပြုခဲ့ပေ။

"ရှုပ်ပါတယ်ဗျာ . . . ပြိုင်ပွဲဝင်နေလို့လည်း အကြောင်းမထူးပါဘူး. . . ကျုပ်ဟာ ဂီတဘက်မှာ တယောတီးတော်တဲ့အကြောင်း လူတကာသိဖို့ တခြားလူတွေနဲ့ ပြိုင်ပြဖို့လည်း မလိုပါဘူး . . . အရေးကြီးတာက ကျုပ် ဂီတအနုပညာသမားတစ်ဦး ဖြစ်ဖို့သာ လိုတာပါပဲ..."

သူသည် ပြိုင်ပွဲဝင်ရန် အကြံအစည်ကို ဖျက်လိုက်သော်လည်း ဂီတဆည်းပူးမှုကိုကား လက်မလွှတ်ခဲ့။ တယောထိုးနေရာမှ ပတ္တလားတီး လိုလာပြန်သဖြင့် ဝါးပတ္တလားတစ်လက် ဝယ်ယူကာ ကြည့်မြင်တိုင်တွင်ရှိ "ရွှေတိုင်အေး" ထံတွင် "ထံတျာတေရှင်" မှ အစချီ၍ သင်ရိုး

mgyoe.com

mgyoe.com


အတိုင်း ပြန်၍ လေ့လာခဲ့လေသည်။ ထို့နောက် "ဆရာမြိုင်" ထံတွင် သီချင်းကြီးများကို လေ့လာပြန်လေသည်။ ထိုမျှနှင့် အားမရသေးဘဲ မြန်မာညွန့် ဦးချစ်မောင်နှင့် ဒေါ်အောင်ကြည်တို့ထံ၌လည်း သီချင်းကြီးများကို လေ့လာဆည်းပူးခဲ့လေသည်။

"လှိုင်းရေယဉ်ဦးကို စပ်ဆိုခဲ့သည့် အချိန်၌ကား သူသည် ဂီတနက်သန် တူရိယာအဖွဲ့၏ ခေါင်းဆောင် ဖြစ်နေခဲ့လေပြီ။

သူကား ဤသို့လျှင် သူရည်မှန်းရာ ပန်းတိုင်နှင့် တဖြည်းဖြည်း နီးကပ်လာအောင် ကြံစည်ကြိုးစားခဲ့သူ ဖြစ်လေ၏။

**အောင်မြင်ခြင်း၏ အစ**

ကဆုန်လ ဖြစ်လေသည်။

သကြန်မိုးရွာခဲ့ပြီးသော်လည်း ထက်ကောင်းကင်မှာ မိုးရိပ်မိုးငွေ့များ ကင်းစင်၍မသွားဘဲ မိုးသက်များပင် ဆင်လာကာ မုတ်သုန်လေအေးများပင် သွေးလျက် ရှိလေသည်။

မိုးဦး တစ်ဖန်ပြန်၍ သစ်ချေပြီတကား . . .

ကိုစောညိန်းသည် ရပ်တည်ငြိမ်၍ မနေသော ရာသီစက်၏လှည့်လည်ချက်ကြောင့် ဩကာသ လောကကြီး ပြောင်းလဲနေပုံကို သုံးသပ်ဆင်ခြင်ရင်း သူ၏ ရင်တွင်း၌ ကဗျာဉာဏ်သည် ကွန့်မြူး၍လာရာမှ ဂီတလှိုင်းများသည်လည်း လှုပ်ရှားထကြွ၍ လာလေတော့သည်။

"မိုးဦးသစ်ခဲ့ပြန်ပြီ၊ ပြာပြာဝေဆိုင်း အုံ့ကာသာပဲ မှိုင်းတလွဲ့လွဲ့၊ သိုင်းဖွဲ့ရွှေပဒ္မာနှင့်သည်၊ ရွာမလိုလိုနဲ့ တိမ်ညို့ပြိုင်းပြိုင်း၊ ဆိုင်းတဲ့ဝေရီ၊ မြစိမ်းစိုဖန့်ဖန့်ပြည်၊ စုံခြေနဲ့သာမြိုင်မတီ၊ မှူ့သီဂီရင့်၊ ပင်ယံကြွင်း၊ ပန်းတော်မိ ပိတောက်ကျန်ညှာချီ၊ ရာသီခါလင့် ပွင့်ကာသင်းလို့ တဝင်းဝင်း ကြွေသက်၊ တညှင်းညှင်းခွေရက်၊ လွမ်းပိုအောင် တောင်ပြန်လေသွေး၊ မုတ်သုန် အေးတော့သည် . . ."

mgyoe.com

mgyoe.com


သူ၏ ကဗျာသည် ကောင်းကင်ကိုဖွဲ့ခဲ့ရာမှ . . .တောတောင်ဘက်သို့ လှည့်သွားကာ "သူကလေး ပန်ဆင်ရန်အတွက် အချိန်မီ ပွင့်ခဲ့ရာမှ လက်ကျန် ကျန်ရှိနေရှာသော ပိတောက်ပန်းခက်တို့အား မုတ်သုန်လေအေးက ပွင့်ဖတ်ဝါကလေးများ တဝင်းဝင်း ကြွေကျအောင် ညှဉ်း၍ ညှဉ်း၍ ခြွေဟန်ကို ရေးစပ်မိတော့လေသည်။ ထိုမှ ကောင်းကင်၏ ရှုခင်းကို ဖွဲ့ပြန်လေတော့သည်။

"မာန်တင်းဖန်ဆင်းဖွဲ့ကာ ဝဠာသောင်ညိုပြေ၊ နကိုနေတိမ်ပန်းချီ။ ပုံမခြား ဂဠုန်နဂါး ပြေးလွှားဟန်သည်၊ ဆေးစပ်စပ်မိလေပြီ၊ မင်ခိုးလဲ့ရီ၊ ခိုပြာနီလာ ညိုလွှာရင့်လို့ မကာန်းဆောင်တိမ်မြင့် လွင့်ကာဝေပြီ။ အမွှုန်မောင်က သည်းကျွမ်းလုအောင် ခင်းတော့သည်"

ဤသီချင်းပုဒ်၌ "ပုံမခြား–ဂဠုန်နဂါး" ဟူသော စာသားများကို ဖွဲ့ဆိုသည့် "စိန်ခြယ်ဖြာရောင်လင်း" အစချီသော ကြိုးထဲမှ ကြားနေကျ စာလုံးများ ဖြစ်သော်လည်း ထိုစာပုဒ်ကို အကွက်ဆိုက်အောင် ယူသုံးထားပုံမှာ နှစ်သက်ဖွယ်ရာ ဖြစ်လေသည်။ "ဆေးစပ်မိလေပြီ" ဟူသော စကားလုံးကြောင့် ကြားနေကျ စာသားမှာ ပိုမို၍ အသက်ဝင်သွားလေသည်။

"ဗျူဟာဆင်လို့ စစ်အင်ကျင်းသည်၊ အာကာပြင်အနှံ့။ သေနင်္ဂါမည်၊ တိမ်လှိုင်းဝိုင်းကာအုံ့ရီ။ သနားမစာနာခဲ့ တရားအညှာတာမဲ့ ပူအောင်ဖန်သည်၊ မာန်မညိုပါနဲ့ အလိုလိုမအေး . . .ရွှေရင်မှာဖို၊ ငိုချင်ဆွေးပေါ့ . . . ဝေးလေဖော်မဲ့ တစ်ကိုယ်ရေနွမ်းခဲ့ပြီ၊ ဖော်လွှမ်းရဝသန်ရာသီမိုးနတ်ဆွေရဲ့ သည်မောင်ချစ်ရေးမညီ . . ."

ဝိပ္ပလ္လာသ ဖောက်ပြန်ပြောင်းလွဲ လှုပ်ရှားလျက်ရှိသော ဩကာသလောကကြီး၏ လှုံ့ဆော်ချက်တွင် သူ့စိတ်၌ ခံစားရပုံ ဖော်ကျူးလိုက်ပုံမှာလည်း နုနယ်လှပေသည်။ သိမ်မွေ့လှပေသည်။ ယဉ်ကျေးလှပေသည်။

mgyoe.com

mgyoe.com


ထိုသီချင်းမှာ သူ ရေးသားအသံသွင်းသော သီချင်းများထဲ၌ ပထမဆုံးသီချင်း ဖြစ်လေသည်။ ထိုသီချင်းကို ကွယ်လွန်သူ စန္ဒရား ကိုလှသွင် ခေါင်းဆောင်သော ဆန်းသစ်စ တူရိယာအဖွဲ့ဖြင့် ကိုစောညိန်း ၏တပည့် ကိုလှထွန်းက သီဆိုအသံလွှင့်ခဲ့လေသည်။ သီချင်းအသံလွှင့် သည့်နေ့ကား ၁၉၅၀ ခုနှစ် မေလ ၆ ရက်နေ့ ဖြစ်လေသည်။

ကိုလှသွင်မှာ စန္ဒရားကောင်းတစ်ဦး ဖြစ်ရုံမျှမက သူကိုယ်တိုင် လူကြိုက်များခဲ့သော "ဂုဏ်ရည်မတူ" သီချင်းမှစ၍ သီချင်းများစွာ စပ်ခဲ့ သူဖြစ်ရာ ကိုစောညိန်း၏သီချင်းမှာ မည်သို့သော အဆင့်အတန်း၌ ဝင်နေသည်ကိုသိသဖြင့် ရင်းနှီးခင်မင်စွာ ပေါင်းပြီး သူ၏ 'ဆန်းသစ်စ အဖွဲ့' အတွက် သီချင်းများကို စပ်ရန် တောင်းပန်ခဲ့လေသည်။

သူကား သူ၏ ဘဝအတွက် လွန်စွာ အားတက်ခဲ့လေသည်။ ဒုတိယ သီချင်းအဖြစ် "ငွေဝန်းသော်တာ" ဟူသော သီချင်းထွက်ပေါ်လာ ပြန်လေသည်။ ထိုသီချင်းမှာ လမင်းကိုကြည့်ကာ ရပ်ဝေးရှိ ချစ်သူကို တမ်းတသော သီချင်း ဖြစ်လေသည်။ လမင်းကို တိုင်တည်သော သီချင်း ဖြစ်လေသည်။ တစ်ခါတစ်ရံ လမင်းသည် တိမ်ညိုအောက်၌ ပျောက် ကွယ်လုလု ဖြစ်သွားသည် မြင်ရသောအခါ "ခင်ဗျားမှာ ကြယ်တာရာ အခြွေအရံတွေရှိနေပါလျက်နဲ့ အဖော်စုံသားနဲ့တောင်မှ ဘာကြောင့်ခုလို ညှိုးညှိုးငယ်ငယ်နဲ့ ပုန်းကွယ်နေရပါလိမ့် . . . ကျုပ်လိုများ တစ်ကိုယ် တည်းဆိုရင် ခင်ဗျားဟာ ဟို မိုးကောင်းကင်ပေါ်က ပြုတ်ကြွေကျများ . . . ကျနေမှာလား . . . ဟူ၍ လမင်းကိုပင် မေးမြန်းပြောဆိုဟန် ပြုခဲ့လေသည်။

ထိုမှ သူ၏ အဝေးရောက်ချစ်သူအား "လမင်းကို ကြည့်စမ်းပါ ဦးကွာ။ ဒီလမင်းကြီးကို တိမ်မည်းတိမ်လိပ်တွေ အုပ်သွားပလားဆိုမှဖြင့် လမင်းကြီး ကြည်ကြည်လင်လင် မသာတော့ဘဲ မောင့်အသည်းနှလုံးများ လို ညှိုးငယ်ကြေကွဲနေပါပကော" ဟူ၍ တမ်းတပြန်လေသည်။

mgyoe.com

mgyoe.com


ထိုသီချင်းကား ပတ်ပျိုးဆန်နေ၏။ စကားလုံးများမှာ ယုန်ငွေလ၊ ပုဏ္ဏာ၊ စန္ဒ၊ သော်တာ... စသည့် သမားရိုးကျ စကားလုံးများဖြင့် ပြည့်နှက်နေ၏။ အဆိုရခက်လှသဖြင့် ဆိုနိုင်သည့်သူကို မတွေ့ခဲ့ . . .။ သူ၏ တပည့် ကိုလှထွန်းမှာ အသံကောင်းသူ ဖြစ်သော်လည်း ထိုသီချင်းကို ဆိုရန် စိတ်မပါခဲ့။ သူ့သီချင်းမှာ ဆိုမည့်သူမရှိ . . .။ သူကိုယ်တိုင်ဆိုရန်မှာလည်း သူ့အသံကို စိတ်မချနိုင်။ နောက်ဆုံးတွင် ဆိုမည့်သူမရှိသဖြင့် သူ့ဘာသာသူ ဆိုခဲ့ရလေသည်။

သို့နှင့်ပင် . . . နေ့တို့သည် တရွေ့ရွေ့ ပြောင်းကာ ဆောင်းဦးသို့ ရောက်ခဲ့ပြန်လေသည်။

ဤတွင် "ဆောင်းနတ်မယ်" သည် မြောက်အရပ်ဆီမှလာကာ ငွေရောင်ခြုံလွှာ ခြုံထားရင်း နှင်းပွင့်များကို ခြွေကာ စာဆိုအား ကျီစားကလူ မြူလေတော့သည်။

သို့သော် စာဆိုကား ဆောင်းနတ်မယ်လေးနှင့် အကျွမ်းတဝင် မရှိလှသေးပေရာ ဆောင်းနတ်မယ်ကလေး၏ ထွေးပိုက်ယုယမှုတွင် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်မှာ အသက်ရှူများပင် မှားခဲ့တော့သည်။ စာဆိုမှာ အိပ်ရာတွင် မပျော်နိုင်တော့ဘဲ "အချစ်စမ်းနေတာများလား... ဆောင်းနတ်မယ်လေးရယ်. . . အဖော်ကင်းလှတဲ့ မောင့်ဘဝကို သနားပါဦးတော့" ဟူ၍ တောင်းပန်ရသည်အထိ ကြုံရလေသည်။

နောက်ဆုံး၌ကား စာဆိုမှာ ဆောင်းနတ်မယ်၏ ရင်ခွင်မှ ကယ်တင်ပါမည့်အကြောင်း ချစ်သူလေးအား တောင်းပန်ရပြန်သည်။ သို့သော် ဖူးစာနတ်များ၏ ပေါ့ပေါ့ဆဆ ပစ်ထားမှုကြောင့် စာဆိုခမျာတွင် ကယ်တင်မည့်အဆွေကိုကား မမြင်ခဲ့။ သို့ဖြစ်လေရာ သူ့အဖို့ ခွာညိုသင်းသည့် ဤဆောင်းတွင်း၏ နှင်းငွေ့များ မပြယ်ခင်အတွင်းဝယ် ချစ်သူ၏ ရင်ငွေ့ကို ခိုလှုံရန် ခဲယဉ်းပါသေးသည်ဟူ၍ကား စာဆိုသည် ကောင်းစွာ နားလည်နေရှာသည်။

mgyoe.com

mgyoe.com


ကိုစောညိန်းသည် ထိုအဖြစ်အား "ဆောင်းနတ်မယ်" ဟူသော သီချင်းဖြင့် ဖော်ပြပြန်လေတော့သည်။ ထိုသီချင်းမှာ မိတ်ဆက်ပွဲ လက်ဖက်ရည်ပွဲတွေ များလှသော တက္ကသိုလ်၏ ဆောင်းရာသီနှင့် ဟပ်မိကာ ထိုပွဲသဘင်များ စွဲလမ်းစရာ သီချင်းတစ်ပုဒ် ဖြစ်ခဲ့လေသည်။

"ဆောင်းမယ်လျှ . . . မြောက်ဆီကသာ၊ သွင်းစလေဦး မြူးကာလာကာ၊ ခြုံလွှာငွေနှင်းပွင့်ကို . . . လွှင့်ကာလွှင့်ကာ ခြွေလို့ . . . တစ်ကိုယ်ရေပင်ပန်း . . . မောင့်ကို ပက်ဖျန်းကျီစယ်ကြမ်းရှော့သလား.. အကျွမ်းမဝင်ခင်မို့ . . . ဆောင်းဘုရင်မလေးရဲ့ ထွေးပိုက်တဲ့ . . . ရင်အုံ လယ်ဝယ် တုန်ကာချမ်း . . . နွမ်းလျလျ ခက်ပြိုနော်ကွယ် . . .အသက်ရှူမှားပေါ့– ကစားကာကျီစယ် . . . ပျော်နိုင်ဘဲ . . . ငယ် . . . စက်လဲဆောင်ဘုံလယ် အချစ်စမ်းတာလား. . .သနားစေချင်တော့တယ် . . ."

မျှော် ကာမှန်း . . .ရတယ် . . . ချမ်းမြမြတုန်သူကိုကွယ် ဆောင်းနတ်မယ် ရင်ခွင်မှသာ . . . ကယ်တင်လာစေချင်ပါတယ်× × × ဖော်ကွာဝေးလေသူဝယ် ကူညီမဲ့ ဆွေးမပြင်ချေသေးတော့တယ် ဖူးစာပိုင်နတ်များ ပစ်ထားကာ သွေဖည်ရှောင်ဖယ် ဘယ်မာန်ညှိုးလေတယ် × × × ညှိုးရက်တော့မှုပါနဲ့ကွယ် . . . ခွာပြာသင်း. . . ဒီဆောင်းတွင်းရဲ့ နှင်းလျှံမပြယ်ခင်ဝယ် . . . ရွှေရင်အုံငွေ့ကို ကြုံတွေ့ကာ ချစ်ကာံဖန်ခဲ့တယ် . . ."

ဤသီချင်းနှင့် ပတ်သက်၍ ဒဂုန်တာရာက ကိုစောညိန်းအား ချီးမွမ်းကာ အားပေးစကား ပြောလေသည်။ မင်းရှင်ကဆိုလျှင် ချက်ချင်း စန္ဒရားဖြင့် သီချင်းတက်လေတော့သည်။ ထိုအတွင်း စာရေးဆရာအသင်းမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့ အထိမ်းအမှတ်၌ နတ်သျှင်နောင်၏ အတ္ထုပ္ပတ္တိကို ခင်းကျင်းပြသရန် ဆုံးဖြတ်ကြလေရာ

mgyoe.com

mgyoe.com


ထိုပြဇာတ်အတွက် သီချင်းများကို သီချင်းရေးဆရာတို့အား ကူညီရေးသားရန် တောင်းပန်ခဲ့ရလေသည်။ ကိုစောညိန်းကိုလည်း သီချင်းနှစ်ပုဒ်စပ်ပါရန် တောင်းပန်ရလေသည်။

ကိုစောညိန်းကား ပြဇာတ်အတွက် သီချင်းတစ်ပုဒ်ကိုသာ အချိန်မီစပ်ဆိုနိုင်ခဲ့လေသည်။ သူ့သီချင်းကို ဆိုမည့်သူမှာ 'သုခ' ဟုသိရသောအခါ လွန်စွာ ကျေနပ်သွားလေသည်။ ထိုအချိန်က ဆရာသုခမှာ 'သားတို့ရပ်ရည်' ဟူသော ပြဇာတ်ဖြင့် အလုပ်ရှုပ်နေခိုက်ဖြစ်သဖြင့် ကိုစောညိန်းသည် ဆရာသုခရှိရာ ဇာတ်ရုံသို့လိုက်၍ သီချင်းတိုက်ပေးခဲ့လေသည်။

နတ်သျှင်နောင် ပြဇာတ်ကို ရုံတင်သောအခါ သူ၏ သီချင်းမှာ ပရိသတ်တို့ နားထဲ၌ စွဲကျန်ရစ်စေသော သီချင်းများအနက် တစ်ပုဒ်ဖြစ်နေလေတော့သည်။ သီဆိုသည့် ဆရာသုခကလည်း သဘောတရားကို သက်ဝင်ပိုင်နိုင်လှကာ ရေးစပ်သူ၏ စကားလုံးနှင့် ဂီတအသံအထားအသို လိမ္မာမှုများကြောင့် ထိုသီချင်းမှာ ရေဒီယိုမှ မကြာမကြာ အသံလွှင့်ခဲ့ရ၏။

ထို့နောက် ဇာတ်လိုက်မင်းသား မျိုးချစ်အား သီဆိုစေကာ ဓာတ်ပြားပင် သွင်းခဲ့ရလေသည်။

သီချင်းကား 'နွေနှောင်းဝသန်' ဖြစ်ပေသည်။

ဤသီချင်းကျမှ သူ၏ အောင်မြင်ခြင်း စခဲ့ပေသည်။ သူ၏ကျော်ကြားခြင်းမှာ အစပြုလာလေတော့သည်။

## ပွင့်ဦး

ပွင့်ဦးကား သူ၏ဘဝ တစ်စိတ်တစ်ဒေသဖြစ်သည်ဟု သူကိုယ်တိုင် ထိုသီချင်းရေးစပ်သည့် ညက (စာရေးသူ) ကျွန်တော့်အား ပြောပြခဲ့လေသည်။

mgyoe.com

mgyoe.com


"ဝတ္ထုအဖြစ်နဲ့ ရေးလိုက်စမ်းပါဗျာ...." ဟူ၍လည်း ပြောလေသည်။ ကျွန်တော်က "ခင်ဗျား နာမည်ရင်းနဲ့ ရေးလိုက်ရမလား...."ဟု မေးသောအခါတွင်မူ "မလုပ်ပါနဲ့ဗျာ...."ဟု တားပြီး ဇာတ်လိုက် မင်းသားနှင့် မင်းသမီးတို့၏ အမည်ကို သူကပင် ပေးခဲ့လေသည်။

ကျွန်တော်ကလည်း 'ပွင့်ဦး' အမည်နှင့်ပင် ရှုမဝမဂ္ဂဇင်း၌ ရေးခဲ့လေသည်။

ကျောင်းနေဖက် မိန်းကလေး တစ်ယောက်အား တစ်ဖက်သတ်စွဲလမ်းခဲ့ရင်း လူချင်း ကွေကွင်းသွားခဲ့ရ၏။ ထိုအတွင်း မိန်းကလေးမှာ အိမ်ထောင်ကျသွားပြီဟု ကြားရသဖြင့် စိတ်ပျက် လက်လျှော့ကာ သူ၏ အဆွေးတို့ကို လွမ်းတေးဖြင့် ကုစ၍ မေ့ပျောက်ခဲ့သည်တွင်မှ နောက်တစ်ဖန် ပြန်တွေ့ရပြန်သည်။ ထိုအချိန်အခါ၌ မိန်းကလေး အိမ်ထောင်ကျသွားပြီဆိုခြင်းမှာ မမှန်သတင်းဖြစ်နေကာ မိန်းကလေးမှာ လွတ်လွတ်လပ်လပ်ဖြင့် သူ့အား မျှော်လင့်နေဟန် ရှိသော်လည်း သူကိုယ်တိုင်ကမူ မချစ်နိုင်ရှာ။ မိန်းကလေးအား သူငယ်ချင်းကဲ့သို့ မောင်နှမကဲ့သို့မှ တစ်ပါး မချစ်နိုင်တော့ပေ။ ယခင်ကကဲ့သို့ ချစ်ချင်ပါလျက် မချစ်နိုင်တော့ပေ။

အဖြေကိုရှာ၏။

အဖြေကား အဘိဓမ္မာတရား၌သာရှိ၏။ 'သန္တတိ' ဟူသော စကားက သူ၏ အဖြေကို ဖြေပြ၏။

ရုပ်တရား၊ နာမ်တရားတို့ လျင်မြန်စွာ ပြောင်းလွဲဖောက်ပြန်တတ်ပုံကို သန္တတိ ဟူသော စကားကို သဘောပေါက်နိုင်၏။

သူကား လွန်ခဲ့သည့် ဆယ့်ငါးနှစ်သားက ကိုစောညိန်း မဟုတ်တော့ပါတကား။ ဆယ့်ငါးနှစ်သား ကိုစောညိန်း၏ ဘဝသည် ချုပ်ငြိမ်းခဲ့ချေပြီ။ ကိုစောညိန်းကား အသစ်အသစ်သော ရုပ်နာမ်ဖြင့် ဖွဲ့စည်းထား

mgyoe.com

mgyoe.com


အပ်သော ကိုစောညိန်းပေတည်း။ ရိုးရိုးမျက်စိဖြင့် ကြည့်လျှင်သာ သူ၏ ပြောင်းလွဲမှုများကို မတွေ့နိုင်သော်လည်း ပညာမျက်စိ၊ တရားမျက်စိ ကြည့်ပါက မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း... ဖြစ်ရာမှ ပျက်၍ ပျက်၍ သွားသောသူ၏ ရုပ်နာမ်တို့ကို မြင်နိုင်ပေသည်။

ကိုစောညိန်း ကိုယ်တိုင်ပင်လျှင် ဤသဘောတရားကို ပေါက်သွားတော့မှ သူ၏အဖြစ်ဆန်းအတွက် ဖြေကွက်တွေ့လေတော့သည်။ သူ့ ရင်တွင်း၌ ခံစားရသော ဝေဒနာကိုကား "ပွင့်ဦး" ဟူသော သီချင်းဖြင့် ဖော်ခဲ့သည်သာမက (စာရေးသူ) ကျွန်တော့်ကိုပင် ဝတ္ထုရေးပေးပါရန် တိုက်တွန်းခဲ့လေသည်။ ထိုဝတ္ထုကား "တကယ်ဖြစ်နိုင်သည်" "မဖြစ်နိုင်ဘူး" ဟူ၍ အငြင်းပွားစရာပင် ဖြစ်ခဲ့၏။

"ပွင့်ဦး" ဝတ္ထုထွက်ပြီးသောအခါ ကိုစောညိန်းထံသို့ ထိုအမျိုးသမီးသည် သူ၏ မောင်ငယ်လေးနှင့်အတူ ရောက်လာလေတော့သည်။

အမျိုးသမီးက သူ့အား ရှေးဟောင်းနှောင်းဖြစ် ကျောင်းနေစဉ်က အဖြစ်များကို ပြောပြလေသည်။ သူကလည်း အမျိုးသမီး မေးသမျှ အဖြေပေးခဲ့ရလေသည်။

"ဒါထက်....ကိုယ်နဲ့ ကိုစောညိန်းနဲ့ ကွဲခဲ့ကြတာ အတော်ကြာခဲ့ပြီနော်....."

"ကြာတာပေါ့....ဆယ့်သုံးနှစ်နဲ့ လေးလထဲမှာ ရောက်နေပါပြီ..."

သူ၏ အဖြေစကားတွင် မိန်းကလေးမှာ အသက်ရှူများပင် မှားသွားလေသည်။ ကိုစောညိန်းမှာလည်း ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လာလေသည်။ ကြွေကျခြောက်သွေ့မ်းခဲ့ပြီဖြစ်သော သူ၏ 'ချစ်ပန်းပွင့်ဦး' ကို တစ်ဖန်ပြန်၍ လန်းလာစေရန် ကြိုးစားရှာ၏။ သူ့မျက်စိအောက်တွင် ရောက်၍နေသော သူ ချစ်ခဲ့ရသူကလေးအား တစ်ဖန်ပြန်၍ ချစ်ချင်လာ၏။ သို့သော် သို့သော်......နည်းနည်းကလေးမှ ချစ်၍ မရနိုင်တော့ပါတကား...

mgyoe.com

mgyoe.com


ထိုနေ့က မိန်းကလေးက လိုက်ပို့ခိုင်းသည့် နေရာတို့ကို လိုက်ပို့ခဲ့သော်လည်း ဘာစကားတစ်ခွန်းမျှ မပြောဖြစ်ခဲ့။ ထိုမျှသော ဆယ့်သုံးနှစ်အတွင်း၌ သင်းကလေးအား... မမေ့၊ မေ့အောင် ကြိုးစားခဲ့ရ၏။ သင်းကလေးကို သတိရ၍ လွမ်းစ,ဖြာလေသမျှ ဂီတဆေးကို သောက်သုံး ဖျော်ဖြေခဲ့ရ၏။ သူ၏ ဘဝကား ဂီတအနုပညာတွင် နှစ်မြှုပ်ခဲ့ရ၏။ အကြိမ်ကြိမ် လောင်မြိုက် ဖုတ်ကြည်းခဲ့သဖြင့် ကျွမ်းကြွေခြောက်သယောင်းခဲ့ပြီဖြစ်သည့် သူ့ချစ်ပန်းဦးမှာ ပြန်လည်၍ ပွင့်ခြင်းငှာ မစွမ်းနိုင်တော့။ 'အချစ်၏ သက်တမ်းကား ပန်းတစ်ပွင့်၏ သက်တမ်းလောက်သာ ကြာသည်သာ... ဟူသော 'အယ်ဇယ်မန်သီ' ၏ စကားကား မှန်လေစွ။

သူကား ပိတ်ခဲ့ပြီဖြစ်သော တံခါးပေါက်အား နောက်ပြန်ကြည့်ကာ တစိမ့်စိမ့် မဆွေးအား၊ တစိမ့်စိမ့် မတွေးအားခဲ့။ သူ့အား ချစ်ဝေဒနာမှ ကယ်တင်ရာ....ကယ်တင်ရှင်ဖြစ်သော ဂီတအနုပညာကိုသာ ပြုစုဆည်းပူးနေမိပြန်လေသည်။ ဂီတအနုပညာကို ကြံစည်ကြိုးစားလေလေ၊ နက်နဲခက်ခဲသော အဆစ်အပိုင်းများကို မြင်လာလေလေ... ဖြစ်၏။ ထိုသို့ နက်နဲခက်ခဲသော အဆစ်အပိုင်းရောက်၍ ထိုအဆစ်အပိုင်း၏ အရသာကို ခံစားရလေလေ... ဂီတကို ပိုမိုချစ်မြတ်နိုးလာလေလေ ဖြစ်လေသည်။

တစ်ခါက သူသည် ဂီတ၊ အနုပညာ... ဟူသော အမည်ဖြင့် ဆောင်းပါး တစ်ပုဒ်ကို ရေးခဲ့လေသည်။ ထိုဆောင်းပါးသည် ပုံနှိပ်ထုတ်ဝေခြင်း ပြုခဲ့ဟန်မတူချေ။ သူ၏ဆောင်းပါးတွင်..... အနုပညာမြောက်ဂီတအကြောင်းကို ရှင်းလင်းရေးသားထားလေသည်။

ဂီတဆိုသည်မှာ အတီးအမှုတ် ပညာဟုသာ သာမန်အားဖြင့် လူတိုင်း နားလည်ထားကြလေသည်။

mgyoe.com

mgyoe.com


သို့ရာတွင် အနုပညာမြောက်သော ဂီတပညာတွင်ကား... အတီး၊ အမှုတ်၊ အဆိုတို့သာလျှင် မဟုတ်ဘဲ၊ စာပေ၊ လူ့သမိုင်း၊ စိတ်ပညာ၊ တရားသဘော... စသည်တို့ပါ အကျုံးဝင်၍နေသည်ကို သဘောပေါက်သူကား ရှားပါးလှပေသည်။

ဂီတအနုပညာရှင် တစ်ယောက်သည် ဂီတအနုပညာ၌ ထိုသဘောများ သက်ဝင်ဆက်စပ်နေသည်ကို ဝိဇ္ဇာနည်းကျကျ လေ့လာနားလည်ထားဖို့ လိုအပ်လေသည်။

ယခုအခါ ဗမာပြည်၌ ဂီတပညာကို သင်ကြားရာတွင် လွန်စွာ စနစ်ပျက်ပြားလျက်ရှိသည်ကို တွေ့ရလေသည်။ "ဂီတပညာသင်ပေးပါ" ဟု တောင်းခံပါက များစွာသော ဂီတဆရာသည် ထိုတပည့်အား သီချင်းများကိုသာ တစ်ပုဒ်ပြီး တစ်ပုဒ် ဆက်၍ဆက်၍ သင်ပေးလေ့ရှိကြ၏။ သီချင်းပုဒ်ရေ အတော်အတန် တီးမှုတ် သီဆိုနိုင်သောအခါ ထိုတပည့်ဖြစ်သူအား ဂီတပညာတတ်ပြီ ဟူသော စာရင်းသွင်းထားလိုက်၏။

ထိုသူမှာ ဤကား ထူးမခြားနား၊ ဤကား ဟောဝန်စုံမြိုင်၊ အစရှိသဖြင့် ဆရာက လက်ထပ် သင်ပေးလိုက်သည့်အတိုင်း တီးမှုတ်သီဆိုနေရရှာပြီး မိမိဘာသာ မိမိ ဘာကြောင့် ဘာတွေလုပ်နေရသည်ကို မသိရှာဘဲ နေလေသည်။

ထို့ပြင် ဂီတပညာကို တန်ဖိုးဖြတ်ရာ၌ သူရသော သီချင်းပုဒ်ရေကို တွက်၍ တန်ဖိုးဖြတ်သည်ကိုလည်း တွေ့ရပြန်သေးသည်။

သူတစ်ပါး အဆင်သင့် ပြုလုပ်ပြီးဖြစ်သော သီချင်းကြီးများနှင့် ကာလပေါ်သီချင်းများကို ပုဒ်ရေများစွာ တီးတတ်ဆိုတတ်ခါမျှဖြင့် ဂီတအနုပညာရှင် တစ်ယောက် ဟူ၍ မခေါ်နိုင်ပေ။ ထိုသူမှာ ဂီတအတီးအမှုတ်သမား၊ အဆိုသမားမျှသာ ခေါ်နိုင်ပေလိမ့်မည်။

ဂီတအနုပညာရှင် တစ်ယောက် ဖြစ်နိုင်ရန်မှာ ထိုထိုသော သီချင်းများသည် အဘယ်ကြောင့် ကောင်းသည်။ ဘယ်နေရာ၌ ညံ့သည်၊ ဤ

mgyoe.com

mgyoe.com


နေရာ၌ ဘာကြောင့် ဤသို့တီး၍ ထိုနေရာတွင်မူ အဘယ်ကြောင့် ထိုသို့ ဆိုရသည်... စသည့် သဘောတရား အရင်းအမြစ်ကို နားလည်ထားရပေမည်။ ထိုနားလည်မှုကို အခြေခံပြု၍ မိမိခံစား တွေ့ရှိချက် အသစ်အဆန်းများကို မိမိတတ်ထားသော ဂီတဖြင့် ပေါ်လွင်ဖော်ပြနိုင်စွမ်း ရှိရမည်။ မိမိ၏သီချင်း ဂီတကို ကြားရသူတိုင်း မိမိနှင့်ထပ်တူ ခံစားနိုင်သည့် ဂီတကို ဖန်တီးနိုင်ရမည်။ သို့မှ ဂီတအနုပညာရှင် တစ်ဦး ဖြစ်နိုင်ပေလိမ့်မည်။

ထိုသို့ မိမိဘာသာ သီချင်းဂီတကို ဖန်တီးသောအခါ စာပေမှာ အကျွမ်းဝင်၍ လာလေသည်။ အရေးကြီး၍ လာပြန်လေသည်။ စာသားမှာ ကာရန်မိရုံ သီချင်းဖြစ်ရုံနှင့် အရာမရောက်ပေ။ ခေတ်၏သဘောလူ့သမိုင်းနှင့် လျော်ညီသော အမျိုးသားမှုကို ပေါ်လွင်ရန်လည်း လိုအပ်လာ၏။ စိတ်ပညာကိုလည်း ဖယ်၍မရ၊ တရားသဘောကိုလည်း ပစ်၍မဖြစ်။

ကိုစောညိန်းသည် စာပေနှင့် တေးသွားသည် တစ်ခုနှင့်တစ်ခု မည်ရွေ့မည်မျှ အရေးကြီးကြောင်းကို သဘောပေါက်ထားသူ ဖြစ်လေသည်။ သူ၏ ဝါဒမှာစာသားသည် ပထမ၊ တေးသွားသည် ဒုတိယ၊ အဖွဲ့သည် တတိယ.... ဟု ဆိုလေသည်။

ရှိပြီးသား တေးသွားတွင် စာသားထည့်ခြင်းသည် လုံးဝ နည်းလမ်းမမှန်ဟု ဆိုလေသည်။ တစ်ခါက သူ့မိတ်ဆွေ စာသမား တစ်ယောက် ယခုခေတ်ကာလပေါ် သီချင်းများတွင် စာသား လွန်စွာ ညံ့ကြောင်းပြောကာ ကိုစောညိန်းအား တေးသွားသက်သက်ကိုသာ ရှာစေပြီး သူက လျော်ကန်ကောင်းမွန်သော စာသားကို ထည့်မည်ဟု ပြောလေသည်။

ဤတွင် ကိုစောညိန်းက သူ သဘောပေါက်ထားပုံ လက်တွေ့ပြလိုသဖြင့် သူ့အနီးရှိ ပတ္တလားမှ သံမှန်အလုံးကို တီးပေးရင်း ထိုသူ

mgyoe.com

mgyoe.com


အံ့ဩစေမည့် စကားတစ်လုံးကို အမှတ်တမဲ့ ပြောလိုက်လေသည်။ ထိုသူကလည်း ကိုစောညိန်း မျှော်လင့်သည့်အတိုင်းပင် . . .

"ဟင် . . .ဟုတ်လား . . . ကျွန်တော်ဖြင့် မသိပေါင်ဗျာ" ဟု ပြန်ပြောလေရာ ထိုစကား၌ "ဟင်" ဟူသော စကားလုံးမှာ ပတ္တလား၏ ခြောက်ပေါက်သံနှင့် ကိုက်ညီနေပြီး "ဗျာ" ဟူသော အသံမှာ... နှစ်ပေါက်တွင် ကျနေလေသည်။

"အလကား ပြောတာပါဗျ . . . ခင်ဗျားကို ကျေနပ်အောင် လက်တွေ့ရှင်းပြမလို့ တမင် လုပ်ဇာတ်ခင်းရတာဗျ . . . ဒီလို ဒီလို . . . အခု ခင်ဗျားက ဂီတပညာ အတီးအမှုတ်ပညာကို မတတ်တဲ့လူ ဖြစ်ပေမဲ့ ကျွန်တော် လက်ဦးက ပတ္တလားမှာ အသံစမ်းနေတဲ့ သံမှန် (တျာသံ) ဟာ ခင်ဗျားရဲ့ နားထဲမှာ ပျောက်မရအောင် စွဲနေတယ်... ဒီအချိန်မှာ ကျွန်တော်က ခင်ဗျား အံ့ဩစေတဲ့ စကားကို ပြောလိုက်တော့ "ဟင်" ဆိုတဲ့ ခင်ဗျားရဲ့ အံ့ဩခြင်း စိတ်လှုပ်ရှားမှုကိုပြတဲ့ အာမေဍိတ် စကားသံဟာ ခြောက်ပေါက် (တေ) အလုံးမှာလာပြီး အလိုလို ကိုက်ညီ နေတယ် . . . အဲဒီ (တေ) လုံးက စချီပြောတဲ့ စကားသံဟာ သူ့သဘာဝ အတိုင်း (တေ)ရဲ့ အဖက်ဖြစ်တဲ့ . . . နှစ်ပေါက်သံမှာ "ဗျာ" ဆိုတဲ့ ညည်းသံက သွားပြီးကျနေတယ် . . .နောက်ပြီး "ကျွန်တော်ဖြင့် မသိပါဘူးဗျာ" ဆိုတဲ့ စကားသံဟာလည်း နှစ်ပေါက်သံမှာ ဆုံးထားတဲ့ အတွက် ညည်းညည်းညူညူ ရေရွတ်လုမှု စိတ်လှုပ်ရှားသွားတာကို ဖော်ပြနေတယ် . . ."

"အဲဒီတော့ ကျွန်တော် နားလည်ထားတာက အံ့ဩခြင်း၊ ဝမ်း နည်းခြင်း၊ ဝမ်းသာခြင်းဆိုတဲ့ စိတ်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အသံတွေမှာ သူ့ပင်ကို ဂီတအသံတွေဟာ ဝင်နေပါတယ် . . . ကျွန်တော် တို့ ရှာဖွေလေ့လာဖို့က ဘယ်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာတဲ့ ဘယ်

mgyoe.com

mgyoe.com


စကားလုံးဟာ ဘယ်အသံမှာ ဝင်နေတယ်။ ဒီစာလုံးအတွက် ဒီအသံသွင်းမှ ဒီစာလုံးရဲ့ သဘောတရားနဲ့တကွ . . . ဆိုလိုရင်းကို ပေါ်လွင်စေမယ့် အသံကို ကြားကြရမယ် . . . ခုနက ခင်ဗျားပြောလိုက်တဲ့ "ဟင်" ဆိုတဲ့ အာမေဍိတ်ဟာ စာလုံးချည်းအားဖြင့်ဆိုရင် ဘာမှအဓိပ္ပာယ် မရှိဘူး။ ဒါပေမဲ့ အံ့သြလို့ ထွက်လာတဲ့ အသံမို့ ခြောက်ပေါက် (တေ) သံမှာ ဝင်နေတယ် . . . ဒီတော့ . . . ဟင် ဆိုတဲ့ စာလုံးကို အံ့သြတဲ့နေရာမှာ ပြချင်တဲ့အခါမှာ တေသံ ခြောက်ပေါက်ကို တင်ပြခြင်းအားဖြင့် အံ့သြခြင်းလိုတဲ့ စိတ်လှုပ်ရှားမှုကို ပေါ်လွင်စေရမယ် . . . အဲဒီ . . . "ဟင်" ဆိုတဲ့ စကားလုံးကို ခြောက်ပေါက်(တေ) သံမှာ မဆိုဘဲ . . . သံမှန်မှာ ချပြီး ဆိုကြည့်စမ်း . . . ခုနကလို အံ့သြတဲ့သဘောပေါ်သေးရဲ့လား . . . မပေါ်တော့ဘူး . . . "ဟင့်အင်း . . . " ဆိုတဲ့ စကားကို ဆိုကြည့်စမ်းပါဦး အဲဒီ . . .ဟင့်အင်းဆိုတဲ့ စကားမှာ "ဟင်" သံဟာ သံမှန်ဝင်မနေဘူးလား . . . ခုနက 'ဟင်' နဲ့လည်း မတူတော့ဘဲ၊ ဒီဟင်သံက (တျာသံ) သံမှန်မှာကျနေပြီး . . . ဒီတော့ 'ဟင်' ဆိုတဲ့ စာလုံးချင်း တူပေမဲ့ စိတ်လှုပ်ရှားမှုချင်း မတူတဲ့အတွက် ထွက်လာတဲ့ အသံချင်း မတူတော့ဘူး။ ဒီတော့ . . . ဒီစာသားတွေကိုကြည့် . . . ဘယ်လို စိတ်လှုပ်ရှားမှု ခံစားမှုနဲ့ ရေးထားတာလဲဆိုတာ စဉ်းစား . . . ဒီစာလုံးဟာဖြင့် ဘယ်အသံ ထွက်သင့်တယ်ဆိုတာ . . . ထွက်ပြီး အသံကို ထည့်မှ သီချင်းကောင်း တစ်ပုဒ် ဖြစ်လာနိုင်မယ် . . ."

သူကား ဤသဘောအတိုင်း သူ၏ သီချင်းများကို ရေးခဲ့လေသည်။ အချို့ သီချင်းများ၌ စိတ်၏လှုပ်ရှားမှုကိုသာ ဖော်ပြနိုင်ရုံတွင်မက ရုပ်ဝတ္ထုများ၏ လှုပ်ရှားမှုကိုပင် ပေါ်လွင်အောင် ဖော်ပြနိုင်ခဲ့လေသည်။

နတ်သျှင်နောင် ပြဇာတ်တွင် သူ ရေးခဲ့သည့် 'နွေနှောင်းဝဿန်' သီချင်းထဲမှ 'သန္တာလို မြက်ညိုနှောကာ ကြွေလျှောကုန်လု' ဆိုသော

mgyoe.com

mgyoe.com


စာပုဒ်ကို အသံသွင်းရာ၌ သစ်ရွက်ကလေးများ ကြွေဟန်ကို စာသား ထက် အသံကို အသားပေး၍ ဖော်ခဲ့လေသည်။ ထိုနေရာ၌ ဂီတအသံ သည် အောက်သို့ကျလိုက်... အထက်သို့တက်လိုက်၊ ထို့ထက်ပို၍ ကျ သွားလိုက် ပို၍တက်လာလိုက် ထို့နောက် တဖြည်းဖြည်း နိမ့်ကျသွားခြင်း ဖြင့် သစ်ရွက်များ ကြွေကျဟန်ကို ပေါ်လွင်အောင် အသံသွင်းခဲ့လေသည်။

သူကား သူ၏ နုနယ်ငယ်ရွယ်လှသော အသက်အပိုင်းအခြားမှာ ပင် ဤသဘောများကို ပေါက်လာသည်အထိ ဂီတပညာတွင် အာရုံ စူးစိုက်ခြင်းအားဖြင့် သူ၏ ကိုယ်ရေးကိုယ်တာ ဒုက္ခများ၊ အသည်းနှလုံး ဝေဒနာများကို ကုစား၏။

သူ၏ အသည်းနှလုံးမြေပြင်ဝယ် ပထမဆုံး ပေါ်ပေါက်ခဲ့သော ချစ်မေတ္တာ ပွင့်ဦးကို ပေးအပ်ဆက်နှင်းရမည့် သူကလေးကို တွေးမိသော အခါများ၌ ဂီတဖြင့် ဖြေရသည်ကိုပင် မလုံလောက်ဟု ထင်လေရာ သလော မသိ။ တစ်ခါတစ်ရံတွင် အောက်ပါ စာမျိုးများကို ရေးခြင်းဖြင့် ဖြေရှာလေသည်။

### တစ်ပွင့်တည်းပေမဲ့

"ခေါ်သံလိုလို ကြားလိုက်ပါတယ် . . . အလို× × × ကိုယ့်ကိုယ် ကိုယ် သစ်ရွက်တွေ အမျှင်တွေနဲ့ ရစ်ပတ်ပြီး ဖိုဝင်နေတဲ့ သနားစရာ ပိုးတုံးလုံး ကောင်လေးပါလား။ ကျုပ်ကို လှမ်းပြီး ခေါ်လိုက်တာ သင်ပဲ ထင်ပါရဲ့နော်"

"ဟုတ်ပါတယ်.....ငှက်ကလေးရယ်......ကျုပ်ရဲ့ ဘဝဟာ ခုနှယ် ဆိုရင် ဘယ်ကိုမှ မသွားနိုင်၊ ဘယ်လိုမှ မလှုပ်နိုင်တဲ့အခါမို့ ယခု သင့်လို ကျွန်ုပ်အနားကို ကြုံကြိုက်လို့ရောက်လာတဲ့ မိတ်ဆွေများကိုပဲ ကျွန်ုပ် သိချင်တာ ကလေးတွေကို မေးပြီး အပျင်းဖြေရတော့တာပါပဲ။ ဒါပေမဲ့

mgyoe.com

mgyoe.com


လေ....ဒီလိုမသွားနိုင်၊ မလုပ်နိုင် နေရတာကိုတော့ ကျွန်ုပ် နည်းနည်းကလေးမှ ဝမ်းမနည်းမိပါဘူး။ ဘာပြုလို့လဲဆိုတော့ ကျွန်ုပ် ဒီလိုရက်အနည်းငယ်လောက် သည်းခံနေနိုင်မှသာ ကျွန်ုပ် ရည်မှန်းထားတဲ့ ပန်းပွင့်ကလေးရှိရာကို ပျံသွားနိုင်လောက်အောင် အတောင်တွေ စုံလင်တဲ့ လိပ်ပြာဘဝကို ရောက်ရမှာကိုး...."

"အလို....အင်မတန် ပျော်စရာကောင်းတဲ့ လောကကြီးရဲ့ ကြည်နူးစရာ အချိန်တွေကို ပျင်းစရာကောင်းတဲ့နည်းနဲ့ ဖြုန်းတီးပစ်နေကြတဲ့ သင်တို့လို ပိုးတုံးလုံးတွေမှာလည်း ရည်မှန်းထားတဲ့ ပန်းပွင့်ကလေးရယ်လို့ ရှိသေးသလား....."

"တခြား လိပ်ပြာလောင်း ပိုးတုံးလုံးတွေမှာတော့ မပြောတတ်ဘူးပေါ့လေ၊ ကျွန်ုပ်အတွက်မှာ ဆိုရင်တော့... အို.....အဆွေငှက်ကလေးရယ် သည်ပန်းပွင့်လေးဟာ ကျွန်ုပ်အဖို့ တစ်ပွင့်တည်းသော ပန်းမာလာကလေးပါပဲ။ သူဟာ ကျွန်ုပ်နှင့် မဝေးလှတဲ့ နေရာမှာပဲ ရှိနေပါလိမ့်မယ်။ ကျွန်ုပ်သာ မလှုပ်ရှား မပျံသန်းနိုင်တဲ့ ဘဝမှာ နေနေရလို့... သူ့ထံကို မချဉ်းကပ်နိုင်သေးသော်လည်း အသင်ငှက်ကလေးကတော့ တွေ့မှာပဲ.... မတွေ့ဘူးသေးလို့ရှိရင်လည်း တစ်ဆိတ်လောက် သွားပြီး ကြည့်လိုက်စမ်းပါ အဆွေရယ်.... သူဟာလေ.... ဟောသည်ကနေပြီး..... လက်ဝဲ ဘက်ကို ခွဲထွက်သွားတဲ့ သစ်ကိုင်းကြီးရဲ့ ထိပ်ဖျားဆီမှာ ရှိလေရဲ့.... အတော်တော့ မြင့်မြင့်ကလေးမှာ နေနေတာပဲ။ ဒါပေမဲ့ ကျွန်ုပ်အတွက်တော့ မြင့်တာကို ဂရုမစိုက်ပါဘူး။ သည်လိုမြင့်တာဟာ တစ်နည်းအားဖြင့် ကျွန်ုပ်အတွက်တော့ ကောင်းတောင် ကောင်းပါသေးတယ်။ ဘာပြုလို့လဲဆိုတော့... ကျွန်ုပ်ဟာ တစ်နေ့နေ့မှာ သည်လောက်အမြင့်ကို အသာကလေး ပျံပြီး ချဉ်းကပ်နိုင်မယ့် လိပ်ပြာတစ်ကောင်အမှန်ဖြစ်ရမယ်လို့ ယုံကြည်ပြီးသားမို့ သည်လို ကျွန်ုပ်မပျံနိုင်ခင် အတော

mgyoe.com

mgyoe.com


အတွင်းမှာ သူ ကြပ်ကြပ်မြင့်လေလေ သူ့အတွက် ဘေးရန်နည်းပြီး စိတ်ချရလေပေါ့"

"ဩော်....ဩော်....ကျွန်ုပ်ရိပ်မိပါပြီ။ ပိုးတုံးလုံးရ...သင်ရဲ့ပန်းက လေးဆိုတာ ဟိဘက်အကိုင်း ထိပ်ဖျားမှာ တစ်ပွင့်တည်း ထီးတည်းပွင့်နေ တဲ့ ပန်းပွင့်အဖြူရောင်ကလေးကို ဆိုလိုတာပဲ မဟုတ်လား။ အင်း... သင် စွဲလမ်းမယ်ဆိုရင်လည်း စွဲလမ်းလောက်စရာပဲ.....။ အနီအဝါ အကြောင်အကျား ရောင်စုံတွေယှက်ပြီး....ကလက်နေတဲ့ လောကကြီးမှာ စွန့်စွန့်စားစား ရိုးရိုးကလေးနဲ့ယဉ်ပြီး ဖြူစင်တဲ့အရောင်တွေ တောက်ပ နေပုံကတော့ စွဲမက်လောက်စရာပေပဲ။ ဒါနဲ့ စကားမစပ်... သင့်ရဲ့ ပန်းပွင့်ကလေးဟာ အခုလိုဆိုရင်တော့... ငုံရာကနေပြီး တဖြည်းဖြည်း... ရင့်ရာက ပွင့်အာခဲ့ရာမှာ အတော်ကလေးပဲ ရနံ့မွှေးတွေ တသင်းသင်း ဝေနေပြီ ဆိုတာရော... သင် မသိသေးဘူး မှတ်တယ်....."

"အင်း.....မသိသေးပေမယ်လို့ ခုနေအခါမှာဆိုရင်... ဒီလိုပဲ ဖြစ်နေရှာရော့မယ် ဆိုတာကိုတော့ ကျွန်ုပ် တွေးမိပြီးသားပါပဲလေ။ သူ ဟာ အစွမ်းကုန် ရင့်ပြီး တင့်တင့်တယ်တယ်ကြီး ပွင့်နိုင်မယ့် နေ့မှာ ကျွန်ုပ်ဟာလည်း အတောင်စုံပြီး ပျိုမျစ်တဲ့ လိပ်ပြာတစ်ကောင်အဖြစ်မှာ ရောက်နေမပေါ့ ......"

"အေးလေ... ဒါမှာတော့ ကိုယ့်အတွေးနဲ့ကိုယ်ပေါ့၊ သို့သော် လည်း သနားစရာကောင်းတဲ့ လိပ်ပြာလောင်းကလေးရယ်၊ သင်က အခုလို အစွဲအလမ်းကြီးပြီး တစ်ကိုယ်တည်း ကြိတ်ကြံနေတာကို သင်ရဲ့ ပန်းပွင့် ကလေးကရော... စိတ်ကူးထဲမှာ ထည့်မိပါ့မလား...."

"ဩော်....ဒီလိုလား... ဒါကိုတော့ သူ ဘယ်သိလိမ့်မလဲ ငှက် ကလေးရယ်။ သိဖို့လည်း မလိုပါဘူး။ ကျွန်ုပ် ခူကောင်ဘဝတုန်းက ဆိုရင် သူဟာလည်း ဖူးစငုံစကလေးပဲ ရှိသေးတယ်။ အဲဒီအခါတုန်း

mgyoe.com

mgyoe.com


ကတော့ သူ့နားကို တော်တော်နီးနီး ကပ်ကပ်လေးပဲ ရောက်ခဲ့ပါရဲ့။ ဒါပေမဲ့လို့ ကျွန်ုပ်ကတော့ ဖူးစငုံစ၊ ပွင့်ဖူးငုံကလေးကို... မစားရက်၊ မကိုက်ရက်ဘဲ သစ်ရွက်တွေကိုသာ စားနေခဲ့ပါတယ်။ ဒီဖူးငုံကလေး အပွင့် ဖြစ်လာတဲ့အချိန်မှာ ငါဟာလည်း လိပ်ပြာကောင်ဖြစ်ပြီးနေမှာမို့ အဲဒီအခါကျတော့မှ သူ့ရဲ့ ဝတ်မှုန်ဝတ်ဆံတွေအကြားမှာ ပျော်ပျော်ပါးပါး နေတော့မယ်လို့ တွေးပြီး အခုလို ဖိုဝင်နေခဲ့တာပေါ့...."

"သြော်.....သြော်....နို့နေပါဦး လိပ်ပြာလောင်းကလေးရယ်...။ သင် ကတော့ "ငါလိပ်ပြာမ,မဖြစ်ရင် ပန်းပွင့်နားကိုမကပ်ဘူး ဆိုတဲ့ မာနနဲ့ နေတာကတော့... မှန်ပါပြီ။ သင်ရဲ့ ပန်းပွင့်ကလေးကရော... သင့်လိုပဲ "ငါမြင့်သလောက်ရောက်အောင် ချဉ်းကပ်လာနိုင်သူမှ"ဆိုတဲ့ မာနထား ပြီးနေလိမ့်မယ်လို့ သင် ယုံကြည်သလား။ ကျွန်ုပ်အထင် ကတော့... သင်ဟာ ခူကောင်ဘဝက သူ့ကို စားပစ်လိုက်တာကမှ ကောင်းဦးမယ်လို့ ထင်တာပဲ။ လောကကြီးမှာ သင်လို အမြင့်ရောက် အောင် မကြိုးစားဘဲ မောက်မာနေပြီး ကြွေလုညှိုပါတော့ မာလာရယ်လို့ ဒူးထောက်တောင်းပန်မယ့် လူစားရော... မရှိဘူးလို့ ထင်သလား။ သင့်ရဲ့ ပန်းပွင့်ကလေးရော... ဒီလူတွေရဲ့ ရင်ခွင်ထဲကို လျှောကျသက်ဆင်းခြင်း မပြုဘူးလို့ရော သင် တစ်ထစ်ချ ဆိုနိုင်ရဲ့လား။ နောက်ပြီး ခုလိုပဲ အမြင့် ကို တက်ပြီး သူ့အနားကို ချဉ်းကပ်နိုင်သူကိုမှ သူရဲ့ဝတ်ရည်ကို စားသုံး ခွင့်ပေးမယ် ဆိုတဲ့ သဘောနဲ့ အမြဲတမ်း စောင့်နေမယ်လို့ရော... သင် ယုံကြည်ရဲ့လား။ တကယ်လို့ သင်ဟာ အတောင်အလက် စုံလင်ပြီး လိပ်ပြာဖြစ်လာတဲ့အချိန်မှာ အဲဒီပန်းပွင့်ကလေးဟာ မြေပြင်သို့ ကြွေကျ နေပြီဆိုရင် သင်... အခုလို... လောကကြီးရဲ့ သာယာတဲ့အချိန်တွေကို ပျင်းရိငြီးငွေ့ဖွယ်ရာတွေနဲ့ ဖြုန်းတီးခဲ့ရတာတွေအတွက် ယူကျုံးမရ ဝမ်း နည်းတသနေစရာ မဖြစ်ပေဘူးလား။ လာပါ အဆွေရယ်... ခူကောင်

mgyoe.com

mgyoe.com


ဘဝနဲ့ပဲ မြစိမ်းရောင် သစ်ရွက်တွေကို ဝါးစားရင်း ကျွန်ုပ်နဲ့အတူ သာယာလှတဲ့ လောကကြီးမှာ ပျော်ရွှင်စရာတွေကိုသာ ရှာကြပါစို့ကွယ်...."

"ဟား၊ ဟား၊ ဟား... အစိုးရိမ်ကြီးပါဘိအဆွေ ငှက်ကလေးရယ်။ ကျွန်ုပ်အတွက် သည်လို ကရုဏာနဲ့ အကြံပေးတာကိုတော့ ကျေးဇူးတင်ပါရဲ့။ ဒါပေမဲ့ ကျွန်ုပ်ရဲ့ ပန်းပွင့်ကလေးဟာ ယခုပဲ တစ်ယောက်ရဲ့ ရင်ခွင်ထဲကို ရောက်နေပြီဆိုတာတောင်မှ ကျွန်ုပ်ရဲ့ ဘဝလမ်းစဉ်ကို ပြောင်းပစ်လိုက်ရလောက်အောင် ကျွန်ုပ်ရဲ့စိတ်ဓာတ် မနုသေးပါဘူး။ ဒီမှာ အဆွေငှက်ကလေးရဲ့... ကျွန်ုပ် အတောင်အလက်စုံလို့ လေဟုန်ပေါ် ဝဲနိုင်တဲ့ တစ်နေ့မှာ ကျွန်ုပ်ရဲ့ပန်းပွင့်ကလေးဟာ တစ်ယောက်ယောက်ရဲ့ ရင်ခွင်ထဲမှာ ကျနေပြီ ဆိုပါတော့...၊ ကျွန်ုပ်ဟာ သင်ထင်သလို ပူဆွေးတမ်းတယူကျုံးမရ ဖြစ်နေမယ်လို့များ ထင်သလား "ကျွန်ုပ် လိပ်ပြာဖြစ်ခဲ့သော်" ဆိုတဲ့ မျှော်လင့်ချက်ရဲ့ ရည်မှန်းမှု ပန်းတိုင်ဟာ သူ ဆိုတဲ့ "တစ်ပွင့်တည်းသာ ဖြစ်ပေမဲ့' သူမရှိတော့ဘူးဆိုရင်... ကျွန်ုပ် ဘာလုပ်မလဲ သိလား။ သူ့ထက်မြင့်တဲ့နေရာမှာ ပွင့်နေတဲ့ ပန်းပွင့်ဆီကို ပျံသွားမှာပေါ့"

အကယ်၍သာ သူ့ရည်မှန်းခဲ့သော ပန်းပွင့်ကလေးသည် သူထင်သကဲ့သို့ တစ်ဦးတစ်ယောက်သော သူ၏ ရင်ခွင်တွင် မွေ့လျော်နေပါက သူ့အဖို့ ဤမျှ အခက်တွေ့ဖွယ်ရာမရှိ။ "တစ်ယောက်သောသူ၏ ရင်တွင်းသို့ သက်ဆင်းချေပြီ" ဟုထင်ခဲ့ကာ မေ့မေ့ပျောက်ပျောက်နေခဲ့ကာမှ ထိုတစ်ပွင့်တည်းမာလာ မည်သူ၏ လက်တွင်းမှ သက်ဆင်းခြင်း မရှိသေးသည့် အဖြစ်ကို သိခဲ့ရ၏။ ထိုအချိန်တွင် သူ၏စိတ်အစဉ်ကား ပြောင်းခဲ့ချေပြီ။

ဤအဖြစ်၏အဖြေကား "ပွင့်ဦး" ဟူသော သီချင်းသာလျှင် ဖြစ်လေတော့သည်။

* * *

mgyoe.com

mgyoe.com


ရွှံ့ထဲ၏အရိပ်ထယ်

"နွေနှောင်းဝသသန်"သီချင်းရေးပြီး နောက်၌ကား သူသည် ဂီတလောကသို့ ခြေစုံပစ်ဝင်တော့မည် ဟူသော အကြံဖြင့် သမာဓိ သတင်းစာတိုက်မှ အလုပ်ထွက်လိုက်လေသည်။

ဆန်းသစ်စ တီးဝိုင်းခေါင်းဆောင် ကိုလှသွင်မှစ၍ သူ၏မိတ်ဆွေများ ဂီတမြတ်နိုးသူများဖြစ်ကြသော… အောင်လင်း၊ မင်းရှင်… စသောသူ များကလည်း အားပေးကူညီကြလေသည်။ ဤတွင် အေဝမ်းအဖွဲ့နှင့် ဆက်သွယ်မိကာ 'ဝိညာဉ်မေတ္တာ' ရုပ်ရှင်ဇာတ်ကားအတွက် သီချင်းရေး ပေးရလေသည်။

သူကိုယ်တိုင် ခေါင်းဆောင်ကာ အပျော်တမ်း တူရိယာ အဖွဲ့ တစ်ခုကို ဖွဲ့လေသည်။ မြန်မာသံ ဂီတအစစ်ကိုသာ တီးမှုတ်သီဆိုမည် ဟူသော ရည်ရွယ်ချက်ကို ပြသည့်အနေဖြင့် အဖွဲ့အမည်ကို 'ဂီတနက်သန်' ဟူ၍ မှည့်ခဲ့လေသည်။

ဤသို့လျှင် သူ့မှာ ဂီတဖြင့်သာ ပျော်နေသည်ဟု ဆိုရစေကာမူ အာသဝေါ ကုန်ခန်းနေသည့် ရဟန္တာလည်း မဟုတ်၊ လောက၏ အကောင်းအဆိုး၊ အကြောင်းအကျိုးကို နားမလည်သော နွားသတ္တဝါလည်း မဟုတ်လေရာ ပုထုဇဉ်ဘဝ ခင်မင်တွယ်တာစရာ ဆန့်ကျင်ဘက်လိင်ကို လိုလားတောင့်တခဲ့သည်မှာ မလွှဲမရှောင်သာသော အမှန်တရားပင် ဖြစ်လေသည်။

စံပယ်ဖြူ တုံးခါမှ ဗြုန်းခနဲပေါ်လာသော ခင်ဖုန်းသက်ဝေအပေါ် တွင်လည်း ချစ်ခင်တွယ်တာလိုစိတ်မှာ ခြောက်ခန်းခဲ့လေပြီ။

ထိုသို့လျှင် ခြောက်ခန်းလျက်ရှိသော သူ့ဘဝအား တေးသီချင်းများ ဖွဲ့ကာနေရာမှာ ကြေကွဲဖွယ်ရာ သီချင်းတစ်ပုဒ် ပေါ်လာပြန်လေသည်။ သီချင်းနာမည်ကို 'ချစ်ကန္တာရ' ဟူ၍ မှည့်ထားလေသည်။

mgyoe.com

mgyoe.com


"ဖြေသော်လည်းကွဲ့၊ ပြေဘဲမောင့်မှာကွယ်......ဖူးစာနတ်များ သနားမညှာပြီကွယ် ဝဋ်တုံ့တင်ကြွေး ဆွေးအောင် ဖန်တာရယ် ဘယ်မှန်းမာန်နဲ့သာ ညှိုးဖွဲ့လေတယ်၊ ထာဝစဉ်ပူရေးကကြွယ်.... ချစ်သူမဲ့ပြီသည် မောင့်ဘဝဝယ်။ အရိပ်မှောင်အတိသာ ကာဆီးတော့တယ်။ အချစ်ကန္တာရ အဏ္ဏဝါရွှေပင်လယ်၊ ဘယ်ဝယ်မျှော်မှန်းကမ်းရိပ်မမြင်တဲ့ ရေကြောရယ်၊ မျောလို့နေတဲ့ လှေကလေးနှယ် လမ်းပြပါလှည့် ကြယ်ရူဝံ ခင်ခင့်ကိုပဲ တောင်းပန်ချင်တယ်.....မောင်မျှော်လင့်တဲ့....ချစ်ရိပ်မြုနန်း.... ကမ်းသာသောင်သို့ ဆောင်ယူလို့ ပို့ပါလားမေရယ်...."

သူ့ဘဝကန္တာရဝယ် ရူဝံကြယ်အရိပ်ကား ထင်ခဲ့လေပြီ။ ရူဝံကြယ်၏ အရိပ်ထင်လာပုံမှာလည်း အံ့သြဖွယ်ပင်။ သူသည် သူ့ဘဝတွင် ပုထုဇဉ်ဘာဝ တွယ်တာချစ်ခင်နေရမည့်သူကို စောင့်မျှော်ရင်း ဂီတရေယဉ်ကြောတွင် နစ်မျောနေခိုက် မြေလတ်ဒေသတွင် ရောက်နေသောသူ၏ မိတ်ဆွေရင်း တစ်ဦးက သူ့အား ဂီတဝါသနာရှင် မိန်းကလေး တစ်ဦးနှင့် မိတ်ဆက်ပေးလေသည်။

မိန်းကလေးမှာ ဂီတကို ချစ်မြတ်နိုးသူ ဖြစ်၏။ စာပေနှင့် ကဗျာကို လေးစားသူ ဖြစ်၏။ သူ့တွင် ရင်းနှီးခင်မင်သူများနှင့် ဆုံတွေ့ပါက စာပေဂီတအကြောင်းတို့ကို စုဝေးပြောရ၏။ ထိုစကားဝိုင်း၌ 'ကိုစောညိန်း' ဟူသော နာမည်သည် မကြာမကြာ ပါလာ၏။ ထိုနောက် ရေဒီယိုမှ အသံလွှင့်သော သီချင်းသံများနှင့် ဂီတသံများတွင် ကိုစောညိန်း၏ သီချင်းသံနှင့် ဂီတသံကို ကြားလာရ၏။ သူတို့၏ စကားဝိုင်းတွင် ....

"အဲဒါ...ငါ့သူငယ်ချင်း စောညိန်းပေါ့....သူပဲ သူပဲ...ဒီကောင်.... သီချင်းလည်း ရေးတတ်တယ်၊ ကဗျာလည်း စပ်တတ်တယ်၊ ဗမာစာလည်း တော်တယ်....တယောထိုးလည်း ကောင်းတယ်"ဟူသော စကားသံသည် ကိုစောညိန်း မိတ်ဆွေ၏ နှုတ်ဖျားတွင် ကျယ်သည်ထက် ကျယ်၍လာ၏။

mgyoe.com

mgyoe.com


"မေ....ငါပြောတာ သူပဲ၊ ဒီစောညိန်းပဲ၊ မေလည်း ကဗျာတွေ ဂီတတွေ ဒါလောက် ဝါသနာပါလှတာ ငါ...စောညိန်းနဲ့ အသိဖွဲ့ပေးမယ်လေ။ ဒီကောင်က သဘောကောင်းပါတယ်"ဟု ပြောလေသောအခါ၌ ကား မေမှာ ကိုစောညိန်းအပေါ်တွင် မမြင်ဘူးပါဘဲနှင့် ခင်မင်လာပြီး မိတ်ဆက်စာများကိုပင် ရေးလိုက်မိလေသည်။

ကိုစောညိန်းကလည်း သူ မမြင်ရသည့် ဂီတချစ်သူကလေးအား အဆေးကပင် ခင်တွယ်စွာဖြင့် စာရေးကာ ခင်တွယ်ခဲ့မိလေသည်။ သူကား သူစိမ်းတစ်ရံဆံ မိန်းကလေးများနှင့် ခင်မင်ရောထွေးစွာ နေခဲ့သူမဟုတ်။ သို့သော်.....သူ၏ ဘဝလှိုင်း ရေယဉ်ဦးဝယ် ထူးထူးခြားခြား အရိပ်ထင်လာသော ရုပ်ကြွယ်၏ အရိပ်ကိုကား မက်မောတွယ်တာစွာဖြင့် ငေးမျှော်လိုရှာပေသည်။

သူ့မှာ ရုပ်ကြွယ်၏ လင်းရိပ်ကို ခံယူရင်းက ဂီတရေယဉ်ကြောတွင် စာပေပန်းပွင့်များဖြင့် ဂီတပန်းကုံးလေးများကို စီခြယ်နေခဲ့ရ၏။

"အစ်ကိုကြီးရေ... ညီမလေးတော့ အစ်ကိုကြီးကို ဆရာအရင်းလို သဘောထားလိုက်ပြီ၊ အစ်ကိုကြီးကသာ ညီမလေးကို ကဗျာရေးနည်းတွေ သီချင်းဆိုနည်းတွေ ဂီတပညာကို သင်ပေးပါတော့နော်...."စသော စာမျိုးများ ရောက်လာပါက ကိုစောညိန်းမှာ သူကလေးအတွက် သူမှတ် သားဆည်းပူးထားရသည့် ပညာများကို အစီအစဉ်ကျနစွာ ရေးသား သင်ကြားပေးခဲ့ရ၏။

စာပေးစာယူမှာ ကြာလာလေလေ သူတို့ရေးသော စာများမှာ တစ်ယောက်ကို တစ်ယောက် ဂရုတစိုက် ရင်းရင်းနှီးနှီး အခြေသို့ ရောက်လာလေလေ ဖြစ်တော့သည်။

ထိုအတွင်း မေ့အဖို့ ကိုစောညိန်းနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာ အချက်တစ်ခု ပေါ်လာလေသည်။ ထိုအချက်ကား ရှုမဝမဂ္ဂဇင်းမှ

mgyoe.com

mgyoe.com


"ပွင့်ဦး" ဝတ္ထုနှင့် ကိုစောညိန်းရေးသည့် "ပွင့်ဦး" သီချင်းပင် ဖြစ်လေသည်။

"ပွင့်ဦးဝတ္ထုထဲက သီချင်းစာသားနဲ့ အစ်ကိုကြီး ဆိုတဲ့ သီချင်းစာသား ညီမလေးဆီကို ပို့လိုက်တဲ့ သီချင်းစာသားတွေဟာ တစ်ထပ်တည်း ကျနေတယ်။ မတူတာကတော့ ဝတ္ထုထဲက ဇာတ်လိုက်ဟာ ကိုစောငြိမ်း မဟုတ်ဘဲ ကိုစောနိုင် ဖြစ်နေတာ တစ်ခုပါပဲ။ အဲဒီအဖြစ်အပျက်ဟာ ကိုကြီး... ဟုတ်တယ် မဟုတ်လား၊ ညီမလေး ပြောပြပါဦး၊ အခုတစ်လော ညီမလေးဆီကို အစ်ကိုကြီး စာမရေးနိုင်တာဟာ အဲဒီပွင့်ဦးထဲက မိန်းကလေးကို လွမ်းနေလို့ မဟုတ်လား"

မေ့ထံမှ စာထဲတွင် "ပွင့်ဦး" အကြောင်းမှာ ထပ်ခါထပ်ခါ ပါနေတော့ရာ ကိုစောညိန်းမှာ ဂီတနှင့်ပတ်သက်၍ အလုပ်များနေသည့်ကြားမှ သူ့ညီမလေးထံသို့ စာရေးရလေတော့သည်။

"ချစ်တဲ့ညီမလေး မေ...."

ညီမလေးရဲ့ စာတွေရသော်လည်း အစ်ကိုကြီးမှာ စာချက်ချင်း မပြန်ကောင်းလားလို့ အပြစ်တင်ခံရလောက်အောင်ပဲ အင်မတန် အလုပ်များနေတဲ့အတွက် သုံးလေးည ကူးယူပြီးမှ ဒီစာပြန်ရတာကို လက်စားချေတဲ့သဘောနဲ့ ကိုကြီးဆီကို စာမပြန်ဘဲနေမယ်ဆိုရင်တော့ ကိုကြီးရဲ့ ကုသိုလ်ပဲလို့သာ မှတ်ရတော့မှာပဲပေါ့ မေရယ်....။

အလုပ်များတဲ့ကြားထဲက ကမန်းကတန်း အချိန်ယူပြီး ရေးရင်တော့ ဖြစ်သပေါ့လေ၊ သို့သော်လည်း ကိုယ်ချစ်တဲ့ ညီမလေး တစ်ယောက်ဆီကို ပြီးပြီးရော သဘောထားပြီး ကြောင်ခြစ်သလို မရေးချင်လို့ပါကွယ် ....။

ကိုကြီးရဲ့ စေတနာကတော့ အချိန်ယူပြီး အေးအေးဆေးဆေး အကြင်နာဆုံး စကားလုံးတွေကို ရွေးချယ်လို့ အရေးတယူ ပြန်ကြားချင်

mgyoe.com

mgyoe.com


တာမို့ ချက်ချင်း ချက်ချင်း စာမပြန်တာကို ခွင့်လွှတ်ပါတော့ ညီမလေး ရယ် .....။

ညီမလေးရဲ့ စာထဲမှာတော့ကော..... ဒီ "ပွင့်ဦး" အကြောင်းက လည်း ထပ်တလဲလဲ ပါလာပြန်မှကိုးနော်၊ ဒီအကြောင်းကို အတော်ပဲ သိချင်နေတယ် မှတ်ပါတယ်။ ဟုတ်လား ကဲ ကဲ... ဒါလောက်တောင် သိချင်နေလို့ရှိမှလည်း မေလေးကို ကိုကြီး ဖုံးကွယ်မထားရက်ပါဘူး။ သန်းဆွေ ရေးတဲ့ "ပွင့်ဦး" ဟာ ကိုကြီးရဲ့ အဖြစ်အပျက် တိတိကျကျ မဟုတ်သော်လည်း သဘောအားဖြင့် ကိုကြီး ကြုံတွေ့ခဲ့ရတာဟာ ဒီအတိုင်းပါပဲလို့သာ သိထားလိုက်ပါတော့လေ။ သန်းဆွေကလည်း ကိုကြီးနဲ့ ညီအစ်ကိုလို ရင်းနှီးနေတဲ့သူမို့ ကိုကြီးရဲ့ ဇာတ်လမ်းကို သိနေ လေတော့ ဖတ်ကောင်းအောင် နည်းနည်းပါးပါး ပြင်ဆင်ပြီး ရေးလိုက် တာပါပဲ....။

သူ ရေးထားတဲ့အတိုင်းပဲ ဇာတ်လမ်းဟာလည်း အဆုံးသတ်နေပြီ မို့ ဒီဇာတ်လမ်းကို ရှေ့ဆက်ဖို့အကြောင်းလည်း မရှိတော့ပါဘူး။ နောက် ပြီးတော့မှ ကိုကြီးရဲ့ အသည်းနှလုံးမှာ အမြစ်တွယ်ယှက်ပြီး အချစ်နွယ် အချစ်ညွန့်ကလေးတွေ ခက်လက်ဝေနေတဲ့ ပင်ယံဆွေက အချစ်ပွင့်ဦး ဟာ ကြွေကျညှိုးနွမ်းပြီး မွေးရနံ့ပြယ်လို့ ငွေချပ်လွှာကလေးတွေ ဆွေး မြည့်ကြေမှုန်းတဲ့အချိန်ဟာ....ဆယ်နှစ်ကျော်ခဲ့ပါပြီ ညီမလေးရယ်....။

ဒါကြောင့် ကြေမြည့်ဆုံးရှုံးလို့ အသုံးမကျတော့တဲ့ ပွင့်ဦးကို ဆယ်နှစ်ကျော်ကျော်....မေ့အောင်ပျောက်အောင် အတန်တန် ကြိုးစားလို့ ကိုကြီးရဲ့ဘဝ တစ်ခုလုံးကို ဂီတမှာသာပဲ နှစ်မြှုပ်ထားခဲ့ပြီးမှ အခုတစ်ဖန် ပြန်ပြီးတော့ သတိရမနေပါရစေနဲ့တော့ ညီမလေးရယ်။ မေ့လက်စနဲ့ပဲ ဒီအကြောင်းကို မေ့လိုက်ပါရစေတော့ ဟုတ်လား....။

ဒီတော့ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က မြေအပြင်မှာ ကြွေကျဆုံးရှုံးခဲ့ တဲ့ ပွင့်ဦးကို နမြောတသ လွမ်းစတွေ ပွားနေရမယ့်အစား ရူပကြွယ်ရဲ့

mgyoe.com

mgyoe.com


အေးမြတဲ့ အလင်းရောင်အောက်မှာ အသည်းလွှာပြင်ဘက်က အချစ်နွယ် အချစ်ရွက်ကလေးတွေ တဖြည်းဖြည်း သစ်လန်းလာပြီးတော့ ဒုတိယတစ်ဖန် ပွင့်ကောင်း ပွင့်လာနိုင်စရာရှိတဲ့..... သို့မဟုတ်..... အခုတောင်မှပဲ ပွင့်ပြီးဖြစ်ရင် ဖြစ်နေပေမဲ့ ပွင့်နှောင်းကလေးကိုပဲ မျှော်လင့်တသရင်းနဲ့ ကိုကြီးမှာ မြတ်နိုးနေရပါစေတော့လို့ဆိုရင်... ခွင့်လွှတ်မှာလား မေလေးရယ်...

သို့သော်လည်းလေ....ကိုကြီးတို့လို အနုပညာကို လိုက်စားနေရတဲ့ လူတွေအဖို့မှာ အမြဲတမ်း ဆုံးရှုံးတဲ့ဘက်ကချည်းနေရတဲ့လူတွေမို့ တယ်ပြီး အားမရှိလှပါဘူးကွယ်....။

ကဲ....ကဲ.....ကိုကြီးအကြောင်းတော့ တော်လောက်ပါပြီ။ မေ့အတွက် ဂီတနဲ့ ပတ်သက်ပြီး ရေးပါရစေဦး...

ဂီတကို အရင်းခံ၍ ခင်မင်လာကြသော သူတို့နှစ်ယောက်၏ စာများမှာ မည်သို့သော အသုံးအနှုန်းကို သုံး၍ မည်သို့ပင် ရေးနေစေကာမူ ဂီတကို လွှဲဖယ်၍မရသည့်အတိုင်း ဂီတနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာများကို ရေးကြရ၏။ ထိုသို့ ဂီတသင်ခန်းစာများကို ရေးရာမှ.... တစ်ခါတစ်ရံ "ဒါထက် ညီမလေးရဲ့ စာထဲမှာ အစ်ကိုကြီး စာမြန်မြန်ပြန်ပါလို့ မရေးတဲ့အတွက် ညီမလေးက စာမြန်မြန် မပြန်တာလို့ ရေးတယ်နော်။ ဒါတော့ မေလေးရယ်.....ကိုကြီးမှာ ဒီလောက် အခွင့်အရေးရှိလို့လား....မေရဲ့ စိတ်ဆန္ဒ လွတ်လပ်မှုကို အာဏာတ္တိနယနဲ့ စေခိုင်းပိုင်တဲ့ အခြေအနေမှမဟုတ်ဘဲ ဘယ့်နှယ်လုပ်ပြီး ကိုကြီး တိုက်တွန်းနိုင်ပါ့မလဲ.... ဂီတရဲ့ နွံအိုင်ထဲမှာ အမြဲနစ်မြုပ်နေတဲ့ ကိုကြီးရဲ့ ဘဝကို တစ်ခုတည်းသော ကြည်နူးသာယာမှုဖြစ်တဲ့ ညီမလေးထံက စာကလေးကို ဘယ်တော့ ဖတ်ရပါ့မလဲလို့ တမျှော်မျှော်နဲ့နေလိမ့်မယ် ဆိုတာ သိလောက်ပါလျက်နဲ့ အိပ်ချင်ယောင်ဆောင်သူကို အနှိုးရခက်သလို ယိမ်းနွဲ့

mgyoe.com

mgyoe.com


လှည့်စား ရှောင်ဖယ်နေရက်မယ် ဆိုရင်လည်း နေပါတော့... မေလေး ရယ်...."ဟူသော အပိုဒ်မျိုးများမှာ မလွဲသာမရှောင်သာ ပါလာတတ်လေ သည်။

ထိုအခါများတွင် သူ၏ ညီမလေး မေကလည်း "သြော် မေရဲ့ အစ်ကိုကြီးမှာ ခြေပစ်လက်ပစ် အလုပ်များနေတာကို ကူညီချင်စမ်းပါ ရဲ့.... ဒါပေမဲ့....တစ်မြို့စီနေ တစ်မြေစီခြားနေလို့ မကူညီနိုင်တာ.... နီးများ နီးရင်တော့ ညီမလေး ကူညီမှာပဲ..... ပွင့်ဦးအကြောင်းကိုလည်း မမေးတော့ပါဘူး အစ်ကိုကြီးရယ်.....ဒီကမ္ဘာမြေပေါ်မှာ မေလေး တစ် ယောက်ကိုသာ အရေးစိုက်စရာရှိတယ်ဆိုလို့ ဝမ်းသာပါတယ် ကိုကြီး ရာ.... မေကလည်း မေရဲ့ မေမေက မွေးတဲ့ အစ်ကိုကြီး တစ်ယောက် အနေနဲ့ ခင်မင်လေးစားပြီး အစဉ် ခင်မင်ပါတယ်လို့ ပြောလိုက်ပါ တယ်.... သြော်....ဒါထက် မေလေးဖို့......သီချင်းတစ်ပုဒ်လောက် စပ်ပြီး အသံလွှင့်ပါလား အစ်ကိုကြီးရယ်....." စသော စာများကို ပြန်ကြားခြင်း ဖြင့် သူတို့၏ ခင်မင်မှု အနှောင်အဖွဲ့မှာ မြဲသည်ထက် မြဲလာကြလေတော့ သည်။

အမှန်ပင် ကိုစောညိန်းအဖို့၌ ထိုစဉ်အခါက အားလပ်သည် ဟူ၍ မရှိခဲ့။ အပျော်တမ်း တူရိယာအဖွဲ့ဟု ဆိုရသော်လည်း ကြေးစားတူရိယာ အဖွဲ့ကဲ့သို့ပင် ကြိုးစားရ၏။

ညဘက်များ၌ သီချင်းစပ်ရ၏။ အသံသွင်းရ၏။ သီချင်းစပ်အသံ သွင်းသည်ဟု ဆိုရာတွင်လည်း တစ်ညလုံး စပ်ပါမှ တစ်ပုဒ်ခန့်ပြီးသည့် အခါလည်း ရှိ၏။ တစ်ခါတစ်ရံတွင် တစ်ပိုဒ်မျှ စိတ်တိုင်းကျ မတွေ့နိုင် ဘဲ မိုးလင်းရသည်လည်း ရှိ၏။ ညဆိုလျှင် သူ့ခမျာ နှစ်နာရီ သုံးနာရီမှ အိပ်ရ၏။ အိပ်ရာမှ နိုးပါက နံနက်စာကို ကမန်းကတန်း စားပြီးနောက် သူ့အဖွဲ့ဝင်များထံသို့ သွားရ၏။

mgyoe.com

mgyoe.com


သူ၏ ဂီတနက်သန် တူရိယာအဖွဲ့တွင် ဂီတဆရာ ကိုအုန်းလွင်နှင့် တယောဆရာ ကိုအုန်းခင်တို့မှာ သမိုင်းရပ်ကွက်တွင် နေကြသဖြင့် သူတို့ထံသို့သွားကာ စန္ဒရားဖြင့် သီချင်းတက်ရပြန်၏။ ထို့နောက် သီချင်းဆိုမည့်သူများထံသို့သွားကာ အဆိုတက်ပေးရပြန်၏။ သည်ကြား ထဲတွင် သူ့ထံသို့လာ၍ မယ်ဒလင်သင်သူ၊ တယောသင်သူများ ရှိကြသေး၏။ သူကိုယ်တိုင်လည်း မြန်မာညွန့် ဦးချစ်မောင်၊ ဒေါ်အောင်ကြည်၊ ဆရာမြိုင်၊ ရွှေတိုင်အေး... စသော ဂီတပညာရှင်များထံသို့လည်း အကြောင်း သင့်သလို သွားရောက်ကာ နည်းနာနိဿယ ခံယူဆည်းပူးရ၏။

သူကား အစစအရာရာ ကြေးများသူဖြစ်၏။ သူ့စိတ်တိုင်းကျ ဖြစ်ရန်မှာ လွန်စွာခဲယဉ်း၏။ သူစိတ်တိုင်းကျသူမှာ လွန်စွာရှား၏။ တော်ရုံတန်ရုံ အဆိုသမားကိုလည်း သူ သဘောမကျနိုင်၊ တော်ရုံတန်ရုံ ဆရာထံတွင်လည်း သူတပည့်မခံနိုင်။ သူ့သဘော၌သူ အဖွဲ့အတွက် သူ့အတွက် သူနှင့် သဘောချင်းကိုက်ညီကာ သူ့အလိုကျ စန္ဒရား တီးနိုင်သူမှာ... ကိုလှသွင် (ဆန်းသစ်စ)မှတစ်ပါး အခြားသူမရှိဟု သူ ထင်၏။ ထို့ကြောင့် ကိုလှသွင် ကွယ်လွန်သွားသောအခါ သူ့အဖွဲ့ အတွက် စန္ဒရားဆရာ ရှာမတွေ့သဖြင့် စန္ဒရားမပါဘဲ ဝိုင်းဖွဲ့ကာ အသံ လွှင့်ခဲ့၏။

ယောကျ်ားအသံ ဆိုလျှင်လည်း စာရေးဆရာ သုခနှင့် သူ၏ လက်ထပ်သင် တပည့်ရင်း ကိုလှထွန်းတို့ဆိုမှသာလျှင် သူ ကျေနပ်၏။ ဂီတာတွင်လည်း သမိုင်းမှ ကိုအုန်းလွင်ကိုသာ တီးစေချင်၏။ တယောကို လည်း သမိုင်းမှ ကိုအုန်းခင်ကိုသာ တီးစေ၏။ သူ့သီချင်းများကို သူ ကိုယ်တိုင်ဆိုရမှ ကျေနပ်၏။

သူကား ဂီတတွင်သာမဟုတ်၊ သူ၏ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သမျှ ကိစ္စတိုင်းတွင်လည်း လွန်စွာ ကြေးများ၏။ သူပိုင်ပစ္စည်း

mgyoe.com

mgyoe.com


အသုံးအဆောင်များကို အကောင်းစားကိုင်နိုင်မှ အသုံးပြု၏။ စာရေးစက္ကူမှအစ အကောင်းစားကို ရှာသုံး၏။ သူထိုးသည့် တယောမှာ အကောင်းစား ဂျာမန်လုပ် တယော ဖြစ်၏။

သို့သော် သူ့ကိုယ်သူကား ဖြစ်ကတတ်ဆန်းနေသူ ဖြစ်လေသည်။ ဆံပင်ရှည်နေသော်လည်း ညှပ်ချင်မှ ညှပ်ပေသည်။ ခေါင်းကို သပ်သပ်ရပ်ရပ်ဖြီးထားသည့်အခါဟူ၍ တွေ့ခဲလှပေသည်။ အဝတ်အစားမှာလည်း ဖိုသီဖတ်သီနိုင်လှပေသည်။

သူ့တွင် အဝတ်အစားကို ဂရုတစိုက် ပြုပြင်နေရန် အချိန်မရ၊ သူ့ကိုယ်သူ သပ်ရပ်စွာ ဖြီးလိမ်းနေရန် အချိန်မရ၊ ထိုအတွင်း သူ့မှာ မမြင်ဖူးဘဲနှင့် ကောက်ရနေသော ညီမလေးအတွက် စာရေးရသည့် အလုပ်ကလည်း ရှိသေးသည်။ သူ့ခမျာ ပုထုဇဉ်ဘဝ ဆန့်ကျင်ဘက်လိင်များနှင့် ရင်းနှီးခင်မင်စွာ နေလိုရှာသည်။ သို့သော် ယင်းတို့တစ်တွေနှင့် အချိန်ဖြုန်းနေရန် အခွင့်မရ၊ မိန်းကလေးများအဖို့ သူ သွားလိုချင်သော အချိန်၌ လာခွင့်ပြုရန် အရေးကလည်း ခဲယဉ်းလှပေသည်။ သူ့စိတ်အစဉ်မှာ လွတ်လပ်လှသည်။ သူအိပ်ချင်သည့် အချိန်မှာ.... သူ၏ အိပ်ချိန်ဖြစ်၍ သူ ဆာလောင်သည့်အချိန်မှာ သူ၏ စားချိန် ဖြစ်သည်။

တစ်ညလုံး စိတ်ကူးတွင် နစ်မျောကာ မအိပ်ဘဲလည်း နေနိုင်သည်။ မစားဘဲလည်း နေနိုင်သည်။ သည်ကြားထဲက သူ၏ ရပ်ဝေးသူ မေကလေးထံသို့ စာရေးရသေးသည်။

"ခက်တာပဲဗျာ... ကျွန်တော်တော့ ဘယ်လိုဖြစ်တာလဲ မသိဘူး၊ ဒီကလေးမကလေးကို မမြင်လည်း မမြင်ဖူးဘဲနဲ့ သံယောဇဉ် တွယ်နေမိပြီဗျာ.....မဖြစ်ဘူး၊ ကျွန်တော် ရင်ထဲမှာ ဒီဂီတပညာအတွက် လုံးပန်းနေရတာက တစ်ဖက်၊ သင်းကလေးကို မမြင်ဖူးဘဲနဲ့ ခင်တွယ်နေရတာက တစ်ဖက်နဲ့... နေရတာ တစ်မျိုးပါပဲ....."

mgyoe.com

mgyoe.com


သူကား သူ၏ မိတ်ဆွေရင်း တစ်ဦးအား ဤသို့လျှင် ဖွင့်ပြောရသည်အထိ ခံစားနေရရှာလေသည်။

သူ့မိတ်ဆွေရင်း တစ်ဦးကို ပြောရုံမျှနှင့် အားမရနိုင်သေး သူ၏ အဝေးရောက် ညီမလေးသို့ စာတစ်စောင် ရေး၍ သိသာစေခဲ့ရှာလေသည်။

ကိုကြီးရဲ့ အချစ်ဆုံး ညီမလေး....မေ.....

ကိုကြီးဆီက ပြန်စာမရလို့ စိတ်များပဲ ကောက်နေရော့သလားကွယ်၊ အရင်တုန်းကလို ချက်ချင်း.....ချက်ချင်း စာမပြန်နိုင်တာကြောင့် ကိုကြီး တစ်ယောက်ဟာဖြင့် မေလေးအပေါ်မှာ အခင်မင်ပေါ့သွားလေပြီလားလို့ ထင်ရင်တော့ မှားလိမ့်မယ် ညီမလေးရယ်.....

ညီမလေးဆီကို စာမပြန်နိုင်ဘဲ ဖြစ်နေရတဲ့ အချိန်တွေမှာ မေရဲ့ အစ်ကိုကြီး ဘာတွေလုပ်နေတယ် ဘာတွေ ကြိုးစားနေတယ်၊ ဘယ်သူ့အတွက် ကြိုးစားနေတယ်... ဆိုတာတွေကို အမှန်အတိုင်းသာ မေလေး သိထားနှင့်မယ် ဆိုရင်တော့... ကိုကြီးကို ညီမလေး ခွင့်လွှတ်နိုင်မှာပဲလို့ ထင်ပါတယ်။

ညီမလေးရဲ့စာကို ရတဲ့အချိန်မှာ ချက်ချင်း စာပြန်မယ်လို့ လုပ်နေတုန်း ဝမ်းသာစရာ သတင်းကလေး တစ်ခုကို ထည့်ရေးချင်တာနဲ့ ရက်တရက် စာမပြန်သေးဘဲ ဒီသတင်းဟာ တကယ်သေချာအောင် လုပ်ဖို့ ရက်နည်းနည်းလောက် စောင့်ဦးမယ်ဆိုပြီး ဆိုင်းနေခဲ့တာမှာ ကိုကြီး ထင်တာထက် ရက်ပိုကြာသွားပြီး ခုမှပဲ စာပြန်နိုင်တော့တယ်... ညီမလေးရယ်။ ခုမှပဲ သေချာသွားလို့ ချက်ချင်းပဲ ရေးလိုက်ရပါတယ်။

တခြားတော့ မဟုတ်ပါဘူး ကိုကြီးကို ရုပ်ရှင်ကုမ္ပဏီကြီး တစ်ခုက သီချင်းရေးပေးဖို့လာအပ်တဲ့ အကြောင်းပါပဲ။ အစတုန်းက အဲဒီကုမ္ပဏီနဲ့ ပတ်သက်တဲ့ လူတွေနဲ့ ကိုကြီးဟာ ရင်းနှီးခဲ့ပေမဲ့ ကိုကြီးက အင်မတန် မာနကြီးတဲ့လူဆိုတော့ ကိုယ်ကစပြီး မတောင်းခံဘဲ နေခဲ့

mgyoe.com

mgyoe.com


တယ်။ ငါ တကယ်တော်လာတဲ့ တစ်နေ့မှာ သင်းတို့တစ်တွေက အောက်ကျို့ပြီး လာခေါ်ရလိမ့်မယ်ဆိုတဲ့ မာနနဲ့နေခဲ့တယ်။ ကိုယ့်ကိုယ်သာ တစ်နေ့ထက်တစ်နေ့ ပိုပြီး တော်အောင် ကြိုးစားပြီးနေခဲ့တယ်။

ခုတော့ ကိုကြီး ကြိုးစားရကျိုးနပ်ပါပြီကွယ်။ ကိုကြီးရှိရာကို လာပြီး သိချင်းရေးခိုင်းကြပြီ။ တစ်ခုတော့ရှိတယ်... ကိုကြီးဟာ အခုအချိန်ထိ ငွေကြေးယူပြီး ရေးတဲ့ စာရေးဆရာမဟုတ်လို့ သူတို့က အခကြေးငွေ မပေးတတ်ကြသေးဘူး။ ကိုကြီးမှာလည်း ဘိုင်ကျနေတဲ့လူမို့ ပိုက်ဆံလိုချင်ပေမဲ့ ပထမတော့ တင်းထားရသေးတာပေါ့ကွယ်။ (ကြည့်လေ.... ကိုကြီးတို့လို အနုပညာသမားတွေဟာ ဘယ်လောက်များ မာနကြီးသလဲ၊ အငတ်ခံပြီး မာနကြီးကြတယ်။ အနုပညာရှင်ရဲ့ မာနဆိုတာ ဒါကြောင့်မို့ ဘယ်သူမှလိုက်လို့ မမှီနိုင်တာပေါ့။ တချို့လူတွေဟာ တခြားနေရာမှာ မာနကြီးနိုင်ပေမဲ့ ကိုယ်ငတ်မယ့် ကိစ္စကျတော့ မာနမတင်းနိုင်ဘဲ မာနကို လျှော့ချင်လျှော့ကြတာ။ ကိုကြီးတို့ အနုပညာသမားတွေကတော့ ဘိုင်ကျလေ မာနကြီးလေပဲကွဲ့.) ဒါပေမဲ့ နောင်အရှည်ဆက်သွယ်သွားရင်တော့ သူတို့ကလည်း နေမှာမဟုတ်ပါဘူး။ ကြည့်ပေးကြမှာပါပဲ။ ကိုကြီးကလည်း ကိုယ်ဒီလောက် နှစ်ရှည်လများ ပင်ပန်းခံပြီး ငွေကုန်ခံပြီး လိုက်စားလာရတဲ့ ပညာကိုတော့ အလကားအဖြစ် မခံနိုင်ပါဘူး။ ပညာနဲ့ တန်အောင်ရရင်တော့ ယူရမှာပဲပေါ့လေ။

ဒါပေမဲ့လေ.....ကိုယ့်ညီမလေးမို့ ဖွင့်ပြောရဦးမယ်။ ကိုကြီးတို့ အနုပညာသမားတွေဟာ ဘယ်လောက်ပဲ မာနကြီးကြီး...၊ ဘယ်လောက်ပဲ တော်တော် ခုလို ကုမ္ပဏီကြီးတွေက မြှောက်စားတယ် ဆိုတဲ့ အခွင့်အရေးက အင်မတန်ရခဲပါတယ်။ ဒီကုမ္ပဏီကြီးတွေက မြှောက်တင်မှသာ နာမည်ထွက်ကြတာပဲ။ ဒီတော့ ဝမ်းသာစရာပေါ့။

'ဝမ်းသာစရာပေါ့' ဆိုလိုက်တာဟာ......ကိုကြီးရဲ့ ကိုယ်ကျိုးအတွက် သက်သက်လို့သာ ညီမလေးက ထင်ရင်တော့... ညီမလေး

mgyoe.com

mgyoe.com


မှားမှာပဲ၊ ကိုကြီးရဲ့ အဖြစ်အပျက်ကို မေလေး သိပြီးပြီ မဟုတ်လား၊ ကိုကြီးရဲ့ အဖို့မှာတော့ ဒီဂုဏ်တွေ.... ပကာသနတွေ.... ကျော်စောထင်ရှားမှုတွေကို မလိုတော့ပါဘူး ညီမလေးရယ်၊ ကိုကြီးရဲ့ ဆိတ်သုဉ်းနေတဲ့ ဘဝ၊ မှောင်မည်းနေတဲ့ဘဝမှ ကံကောင်းထောက်မမှ တွေ့ရမယ့် အလင်းရောင်ကလေး တစ်ခုကို မတွေ့ရတော့ဘူးလို့ ဆိုရင်ပေါ့လေ။ ဘယ်လောက်ပဲ နိုင်ငံကျော် ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်နေရပေမဲ့လည်း ဒီတစ်သက်မှာ ပျော်ရွှင်ချမ်းမြေ့စရာ ရှာတွေ့လိမ့်မယ်လို့တော့ မထင်တော့ပါဘူးကွယ် .....။

ညီမလေးဟာ အဆိုကျော်ကြီး ဖြစ်ချင်တယ်။ နာမည်ကြီး ဂီတပညာရှင် တစ်ယောက် ဖြစ်ချင်တယ်လို့ ဆိုခဲ့တယ် မဟုတ်လား၊ ညီမလေး ဖြစ်ချင်တာတွေကို ဖြစ်နိုင်ဖို့အတွက် ကိုကြီးမှာ ဒီလိုကုမ္ပဏီကြီး တစ်ခုကို လက်ကိုင်ရဖို့ လိုတာပေါ့၊ ခုလို ကုမ္ပဏီကြီးတွေနဲ့ ဆက်မိတော့ ညီမလေးရဲ့ အလိုဆန္ဒတွေကို ဖြည့်စွမ်းနိုင်ဖို့ အရေးဟာ နီးလာတာပေါ့၊ ဒါကြောင့် ဝမ်းသာတယ် ပြောတာပါကွယ်။

မေလေးရဲ့ အလိုဆန္ဒကို ကျပ်ပြည့်တင်းပြည့် ဖြည့်စွမ်းပေးနိုင်တဲ့ တစ်နေ့မှာ ကိုကြီး ကျေနပ်ပါပြီကွယ်။ ဩော် . . . ဟိုတုန်းကများတော့ ကိုကြီးဟာ ကိုယ်ရဲ့ ကြီးပွားတိုးတက်မှုတွေ ဘာတွေဆိုတာ ဂရုမစိုက်ဘဲ ကိုယ့်ဘဝကို အနုပညာ ရေပြင်ထဲမှာသာ နှစ်မြှုပ်ခဲ့ပြီး နေခဲ့မိပါတယ်၊ ခုတော့မှ မေလေးနဲ့ ပတ်သက်ပြီး တိုးတက်ကြီးပွားရေးကို အားထုတ်ရမယ်... ဆိုတဲ့ လောက တာဝန်တွေကို သိနားလည်လာရလေတော့ ဒီအတွက် မေလေးကို အထူးပဲ ကျေးဇူးတင်မိပါတယ်ကွယ် . . .။

ကိုကြီးရဲ့ ကျန်းမာရေးကို ဂရုစိုက်ဖို့ . . . သတိပေးခဲ့တဲ့အတွက် ကျေးဇူးလည်း တင်ရပြန်ပါတယ်။ လောကကြီးကို ဂရုမထားတဲ့ အစ်ကိုကြီးအဖို့ အခုလို သတိပေးမယ့်သူ တစ်ယောက်တော့ ရှိဖို့ လိုသပေါ့၊

mgyoe.com

mgyoe.com


နောက်ပြီး ညီမလေးရဲ့ စာထဲမှာ... မေကတော့ ကိုကြီးတို့လို စာကို ပြေပြေပြစ်ပြစ် မရေးတတ်လေတော့၊ ခုကတည်းက သည်းခံပါတော့ ကိုကြီးရာ... လို့ ရေးလိုက်ပြန်တယ်။ မေလေးရဲ့ စာကိုတော့ ဘယ်လိုပဲ ရေးရေး ခုလည်း သည်းခံနေတာပါပဲ။ နောင်ကျမှလည်း သည်းခံမှာပါပဲ၊ ကိုယ့်ညီမလေး ဘယ်လောက်ပဲ နွဲ့ဆိုးဆိုး အဲဒီလို နွဲ့ဆိုးဆိုးနေတာ ကိုပဲ သည်းခံနေချင်တာပါပဲ။ ဒီလိုအရသာမျိုးကလည်း ကိုယ်ခံချင်တိုင်း ခံရ တာမျိုး မဟုတ်ဘဲကိုး၊ ကိုကြီးဆိုရင် ညီမရယ်လို့ ရှိခဲ့ဖူးသူ မဟုတ်တဲ့ အပြင် . . . ခုလိုနွဲ့ဆိုးဆိုးမယ့် လူကလည်း မရှိခဲ့ဖူးလေတော့... တစ်ခါ တလေတော့ နွဲ့ဆိုးဆိုးတာတွေကို ခံချင်သားကွဲ့။

နောက်ပြီး . . . မေလေးက ရန်ကုန်မှာလာနေပြီး ကိုကြီးဆီမှာ ဂီတပညာတွေသင်၊ အဆိုတွေ သင်ချင်တယ်လို့ ပြောခဲ့တယ်။ ခုစာမှာ ဆိုရင်လည်း လာချင်လှပါပြီလို့ ပြောခဲ့တယ်။ ကိုကြီးကလည်း ညီမလေး ကို တွေ့ချင်လှပါပြီ . . .

အဲဒီတွေ့ချင်လှပါပြီဆိုတဲ့ ဆန္ဒအတိုင်း ကိုယ့်ဆန္ဒပြည့်ရင်... ပြီးတာပဲ ဆိုတဲ့... သဘောနဲ့ လာသာလာခဲ့ ဆိုပြီး... မိုက်မိုက်ကန်းကန်း တိုက်တွန်းရရင်တော့... နဂိုက ရန်ကုန်ကို လာချင်နေတဲ့ မေလေးကို လာအောင် အတင်းမြှောက်ပင့်ပေးတာ ကြာလှပြီကော . . . ဒါပေမဲ့ ညီမလေးအပေါ် မှာ အဟုတ်ဖြူစင်တဲ့ စေတနာနဲ့ စဉ်းစားလိုက်တော့ အခုနေဆိုရင် အခြေအနေကလည်း မကောင်းသေး၊ ကိုကြီးမှာလည်း စေတနာရှိ သလောက် စောင့်ရှောက်နိုင်လောက်အောင် အင်အားက မရှိသေး။ ဒါကြောင့်... လာရတဲ့လူမှာ စရိတ်ကုန်လူပန်းဖြစ်မှာလည်းစိုး၊ နောက်ပြီးတော့ ကိုကြီးသူငယ်ချင်း ပြောသလိုပဲ ရန်ကုန်မြို့ဆိုတာဟာ အင်မတန်မှ ရှုပ်ထွေးပွေလီမှုတွေ များလှပါတယ်။ ညီမလေးဟာ သူငယ် နုပ်စားလေး မဟုတ်ပေမဲ့ ညီမလေး မသိမမြင်သေးတဲ့ ဘေးအန္တရာယ်

mgyoe.com

mgyoe.com


တွေဟာ ပတ်ချာဝိုင်းနေတော့ ဒီဘေးအန္တရာယ်အလယ်မှာ ညီမလေးမှာ မျက်စိသူငယ် နားသူငယ်နဲ့ ဖြစ်နေမှာကို စိုးရိမ်လွန်းလို့ မလာပါနဲ့ဦးလို့သာ တားလိုက်ရပေမဲ့... ညီမလေးကို တွေ့ချင်နေတဲ့ ကိုကြီးမှာ ဒီလို တားလိုက်ရတဲ့ စကားတစ်ခွန်းအတွက် ရင်မှာ ဘယ်လောက်နင့်သွားတယ်... ဆိုတာ မေလေး သိစေချင်ပါတယ်ကွယ် . . . သိစေချင်စမ်းပါရဲ့ မေရယ်။

ဒီအဆိုတော်တို့၊ ရုပ်ရှင်ဇာတ်လိုက်တို့ ဆိုတာတွေဟာ မိန်းကလေးတွေအဖို့ဆိုရင်... ကြိုးတန်းလမ်းလျှောက်နေရတဲ့ လူလို ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်လွန်းမှသာ တော်ရုံကျတဲ့ အလုပ်တွေပဲ၊ ခြေလှမ်းတစ်ချက် မှားတာနဲ့ တစ်ပြိုင်နက်တည်း အကျနာတော့တာပဲ၊ အဆိုတော်လောက်ဆိုရင်တော့ ကိုကြီးတစ်ယောက်လုံး ရှိသေးတာမို့ မေလေးအပေါ်မှာ ကျရောက်လာတဲ့ အန္တရာယ်တွေကို ကာကွယ်ပေးနိုင်စရာ ရှိသော်လည်း ရုပ်ရှင်မင်းသမီးအနေနဲ့ ဆိုရင်တော့... ကိုကြီးတောင်မှ ကာကွယ်ပေးနိုင်ဖို့ ခဲယဉ်းပါလိမ့်မယ်။ ဒါကြောင့် ရုပ်ရှင်မင်းသမီးတော့ မလုပ်ချင်ပါနဲ့လို့လည်း ကိုကြီး တောင်းပန်ပါတယ်။

ကဲ–ကဲ–စာလည်း ရှည်လှပြီ၊ ဖတ်ရတဲ့လူလည်း ဇက်ညောင်းရှာရော့မယ်။ တော်လောက်ပါပြီနော်၊ စာလည်းပြန်ပါဦး ညီမလေးရယ်။ ကိုကြီးကို ကလဲ့စားချေတဲ့သဘောနဲ့ ချက်ချင်းစာမပြန်ဘဲ အချိန်ဆွဲမထားပါနဲ့ကွယ်။ ကိုကြီးလေ တတ်နိုင်ရင် မေ့ဆီကို တစ်နေ့စာ တစ်စောင်လောက် အမြဲတမ်း ရေးနေချင်ပါတယ်။ ဒါပေမဲ့ ထမ်းဆောင်နေရတဲ့ တာဝန်တွေက များလွန်းလို့ ရက်တရက် စာမပြန်နိုင်တာကို ခွင့်လွှတ်ပါကွယ်။ ဒီလိုစာမပြန်နိုင်တဲ့ အချိန်တွေမှာ ကိုကြီး အလကား မနေပါဘူး။ မေလေးကိုသာပဲ အမြဲတမ်း သတိရလျက်နဲ့ မေလေးရဲ့ အလိုဆန္ဒတွေကို ဖြည့်စွမ်းနိုင်ဖို့အတွက် ကြိုးစားပြီး နေလေရဲ့ . . . လို့သာ အောက်မေ့စေလိုပါတယ်ကွယ် . . .

mgyoe.com

mgyoe.com


ကိုကြီး ကြိုးစားနေသမျှတွေဟာ မေလေးအတွက်ဆိုတာ... ယုံပါတော့ မေရယ်. . .

မြတ်နိုးစွာဖြင့်
စောညိန်း။
၁၇–၈–၅၁။

သူ့ဘဝကား တာဝန်များလှဘိသည်။ မိဘတာဝန်ကလည်း တစ်ဖက်တွင် ရှိနေရှာသည်။ သူ၏ ယခုပစ္စုပ္ပန်အရေး၊ နောင်အနာဂတ်အရေးအတွက် လုပ်ငန်းတွေကလည်း များဘိသည်။ အမှန်မှာ လူ့ဘဝသက်တမ်းမှာ... အနုပညာအတွက်သော်လည်းကောင်း၊ ချစ်ခြင်းမေတ္တာအတွက်ကို သော်လည်းကောင်း လုံလောက်သည့်အချိန်ကို မပေးစွမ်းနိုင်ရှာချေ။ သက်တမ်းဆုံး၌ လူသာ သေသွားနိုင်သည်။ အနုပညာကား မကုန်ဆုံးနိုင်။ ချစ်ခြင်းမေတ္တာသည်လည်း မကုန်ဆုံးနိုင်ပါပေ။ သို့သော် ကိုစောညိန်းကား အနုပညာကိုလည်း ဆုံးခန်းတိုင်အောင် လိုက်စားဆည်းပူးလိုခဲ့၏။ ပြည့်ဝတိကျသော ချစ်ခြင်းမေတ္တာစစ်ကိုလည်း ထားရှိခံစားလိုခဲ့၏။

မည်သို့ပင်ဖြစ်စေ . . . ထိုရပ်ဝေးမေမှာ ကိုစောညိန်း၏ ဂီတအနုပညာအတွက် ပြောင်လက်တောက်ပသော ဂီတများ ပေါ်ထွန်းစေရာအချက်တစ်ခု ဖြစ်ခဲ့၏။ သူ၏ ချစ်သူကင်းကာ ခြောက်ကပ်လှသည့်ဘဝကို စိုပြည်ရာလည်း ဖြစ်၏။ အချစ်ရောင်ခြည်ကင်း၍ မှောင်အတိကျသော ဘဝခရီးတွင် အလင်းရောင်ကို ဆောင်သော ရုပ်ကြွယ်လည်းဖြစ်ခဲ့ချေသည် တစ်မုံ့ . . .

## သစ္စာတော်ဦး

(အသက်ကိုခွဲကာ . . . ဝက်ကာ . . . စက်ရာအုံးပြိုင်မဝေသာပိုင်တယ် . . . ရွှေတိုင် ဂီတနက်သန်ဦး . . . ကေရီ ကျော့မှုူးမြှောက်ဖို့

mgyoe.com

mgyoe.com


ရှယ် . . . )၂ (ခင်မင်ချစ်မြတ်နိုးကာ မျှော်ကိုးလို့သာ စေတနာပိုသူရယ့် . . ကြာလေ–စွဲလေ–အမြဲတစေတောင့်တ၊ စောင့်ရကြာလွန်းလို့– ခွန်းစကားပန်ချင်ပြီကွယ် . . . သစ္စာတော်ပြိုင်ဦး ချစ်ပိုင်မှူး ရှိလေသလား ရယ် . . .)၂ မေတ္တာပုံရွှေပွင့်သည် . . .ကြွေနှင့်ရှာနိုးနဲ့ . . . စိုးရိမ် ရှာပေမဲ့ မြေသူဇာလယ် . . . ချောင်းမြစ်ဆီးကာ ခရီးကွာကြလေတယ် . . . မပိုင်ဆိုင် ဝေးသူမို့ ပူရန်သာကြွယ် . . .မောင်ရှယ်မှန်း . . . နေ့စဉ် ညတိုင်းလွမ်း၊ ကျွမ်းကြွေလုဖွယ် ရွှေရင်ထဲဝယ် . . . ချစ်သွေး ဆူပြီ မေရယ် . . . မြားဒဏ်ရာပြင်း . . . အသည်းလွှာ ထုတ်ချင်း စူးဝင်ဖောက်ထွင်းသည့်နှယ် . . . နတ်များဖန်ဆင်းလို့ ပစ်ခွင်းခွင်းတော် မူပြီးထင်တယ် . . . သစ္စာတော်ဦး ချစ်မာလာရူး ယူပါရစေကွယ်"

ဤသီချင်းကား သူ့ဘဝ၏ တုံးမှတ်တိုင်တစ်ခုပင် ဖြစ်လေ သည်။ 'မေ့အတွက် သီချင်းတစ်ပုဒ်စပ်ပါ အစ်ကိုကြီး'ဟု တောင်းခံလာ သူလေးအား ဤသီချင်းဖြင့် သူ့ရင်တွင်း၌ ခံစားနေပုံတို့ကို ဖွင့်ဟခဲ့၏။

အုံးစက်ရာထက်တွင် အတူယှဉ်၍ အသက်ကိုခွဲဝေ၍ မပေးနိုင် သော်လည်း ကြည့်မြင်တိုင်ရပ်ကွက်မှ တည်ထောင်သော ဂီတနက်သန် အဖွဲ့တွင် ဧကရီဘုရင်မသဖွယ် ထားလိုက်ကြောင်းကို ဖော်ပြရာမှ ... သင်းကလေး၌ 'ချစ်ဦးသူများ ရှိလေမည်လော'ဟု တွေးတောပူပန်မိပုံ မေကလေးသည် သူကဲ့သို့ ချစ်နေနှင့်ရှာမည်လား၊ ချစ်မေတ္တာ ရွှေပွင့်မှာ ကြွေနှင့်နေမည်လားဟု ပူပန်စိုးရိမ်နေရသော်လည်း နေရာဒေသအားဖြင့် ကွာခြားနေခြင်းကြောင့် ဆွေးဗျာထုသာလျှင် ကြွယ်ရကြောင်းတို့ကိုလည်း ထင်ရှားအောင် ဖော်ပြထားရှာပေသည်။

"အစ်ကိုကြီးရဲ့ . . . ညီမလေးအတွက် မြန်မြန်သီချင်းတစ်ပုဒ် စပ်ပြီး မြန်မြန်လွှင့်လိုက်စမ်းပါ . . . ညီမလေး ကြားချင်လှပါပြီ" ဆိုရှာသူကလေးကား သူ့အစ်ကိုကြီးက သူ့အား ရည်စူး၍ လွှင့်ရှာသော

mgyoe.com

mgyoe.com


နေ့က ထိုသီချင်းကို မကြားရဟု သိသောအခါ အစ်ကိုကြီးခမျာမှာ ရင်ထဲ၌ နင့်ခနဲ ဖြစ်ခဲ့ရလေသည်။ သို့သော် ကံကောင်းထောက်မ၍ အသံလွှင့်ဌာနမှ ဓာတ်ပြားသွင်းထားသောကြောင့်သာ နောက်တစ်ကြိမ် သောတရှင်တို့ လိုရာ ဓာတ်ပြားအဖြစ် ဖွင့်ပြနိုင်ခဲ့ပေသည်။

သို့သော် မိန်းကလေးအဖို့၌ကား သူ့အတွက် ရည်ရွယ်ထားကြောင်း သိချင်မှ သိရှာပေမည်။ ထိုသီချင်းနှင့် ပတ်သက်၍ တုံ့ပြန်ချက်ကား ပေါ်မလာခဲ့။

ဤတွင် သူ့မှာ မေလေး သိသာအောင် ချစ်တေးဖွဲ့ရပြန်လေသည်။ မှုန်ရီရီအလင်းရောင် တောက်နေသည့် နံနက်ခင်းတွင် ညောင်ကန်ကြက်ကလေးများကလည်း တွန်လျက်ရှိကာ ဗမာ့စရိုက်ဘာဝ နိဗ္ဗာန်ဆော်တို့ ဟစ်အော်ကာ ထိုသို့သော နံနက်ခင်းမျိုး၌ သူ့ချစ်သူ မေနှင့်အတူ ရွှေစည်းခုံစေတီဝယ် အရဏ်ဆွမ်းများကို အတူကပ်ရင်း ဘဝဆက်တိုင်း . . . ပေါင်းရလိုကြောင်း ဆုတောင်း၍သာ နေရှာလေသည့်အဖြစ်ကို 'အရဏ်' ဟူသော သီချင်းဖြင့် ဖွဲ့ရှာလေသည်။

တစ်ဖန် . . . တိမ်နီရောင် ယှက်သန်းသည့် ညနေချမ်းဝယ် မြစ်ကမ်းစွန်းတွင် ထိုင်ရင်း မြစ်အတွင်း၌ ဖြတ်သန်းစုန်ဆန်နေကြသော လှေနာဝါများကိုလည်း 'မေလေးထံ သွားမှာဖြင့် လမ်းကြုံလို့ ခေါ်စမ်းပါ' တောင်းပန်ရင်းက မျှော်လေလေ . . . လွမ်းလှကြောင်းကို ဖွဲ့ရာက 'အောင်တော်" ဟု အချီအချခေါ်ရင်း မြည်တွန်နေကြသော ဟသ်ာငှက်မောင်နှံတို့မှာမူ အဖော်စုံပျော်နိုင်ပုံတို့ကိုပါ ချန်မထားရှာဘဲ "ဆည်းဆာ" ဟူသော သီချင်းဖြင့် သိသာစေခဲ့ပြန်လေသည်။

သို့သော် မေကား အကယ်ပင် မသိရှာသလော၊ မသိယောင်ဆောင်နေခဲ့သလော၊ သူ့ခမျာစဉ်းစား၍ မရနိုင်ရှာခဲ့၊ သူ့ဘဝ၌ မိန်းမတို့နှင့် အကျွမ်းတဝင် ပေါင်းသင်းခင်မင်ခဲ့ဖူးသည်ဟူ၍ မရှိခဲ့သဖြင့် မိန်းမတို့သဘောကိုလည်း နားမလည်ခဲ့။

mgyoe.com

mgyoe.com


ဂီတစာပေနှင့် အနုပညာဘက်တွင် ဝါသနာထုံလှသဖြင့် သူ့ထံသို့ မိတ်ဆက်စာရေးကာ ခင်မင်လာသူကိုလည်း ရင်ထဲတွင် ခံစားနေရသမျှကို ခေါက်ခေါက်ရက်ရက် မပြောနိုင်ခဲ့။ သူ့အပေါ်တွင် အထင်အမြင်သေးကာ အဆက်အသွယ် ဖြတ်လိုက်ပါက သူ့အခြေမှာ ပိုမိုဆိုးရွားလာမည်ကို တွေးတောကာ ကြောက်ရွံ့မိ၏။

သို့နှင့်ပင် နှင်းကြွင်းလေးတွေ တဖြည်းဖြည်း ကွဲသည့် နွေဦးသို့ ရောက်ခဲ့၏။ ပုရစ်ဖူးကလေးများကလည်း ထွက်ပေါ်လာခဲ့ကာ အင်ကြင်းပန်းရနံ့များ တသင်းသင်း ကြူမွှေးလာသောအခါ သူ၏ ကြုံရသည့် အဖြစ်ကို တရေးရေး တွေးမိရာက ဘဝင်ထဲတွင် မချိနိုင်တော့ဘဲ ပူစရာတွေးမိလေသည်။ ထိုမှ တိမ်တိုက်တိမ်လိှုင်းများအကြားတွင် ပျောက်ကာကွယ်ကာ ဖြစ်နေရှာသော ငွေစန္ဒာလမင်းကို မြင်ရသည့်အခါတွင်ကား သူ့မှာ အလိုလို အားငယ်ခဲ့ရရှာလေသည်။

ထိုအခိုက်တွင် ကျေးငှက်တို့ကလည်း ဘာသာဘာဝ ချစ်ခွန်းတုံ့လှယ်နေကြကာ ဥသြငှက်ငယ်တို့ကလည်း ယင်းမာပင်ထက်မှ သာယာသော အသံဖြင့် မြည်ကျူးလိုက်ပါက သူ့ကိုပင် . . . ပြောင်လှောင်လေသလောဟု တွေးတောမိရာက ရော်ရွက်ဝါတို့ သက်ကြွေသည်နှင့်အမျှ သူ့တွင်လည်း မျက်ရည်ဝဲနေရရှာလေသည်။

ထိုသို့ "နွေဦး" ကြောင့် လွမ်းရသည်ကိုလည်း နွေဦးဖြင့် ဖော်ခဲ့ရှာလေသည်။ ထိုအဖြစ်ကိုမူ ရပ်ဝေးသူ မိန်းကလေးမှာ သိချင်မှ သိရှာပေမည်။

သူ့ဘဝမှာ တကယ်လက်တွေ့ လုပ်နေသည်ထက် အိမ်မက်မက်နေသည်က ပိုခဲ့လေသည်။ စိတ်ကူးဖြင့်ရှုးခဲ့သည်က များလေသည်။ အတွေးဖြင့် ငေးခဲ့သည်က များလေသည်။ ရီဝေဝေ မျက်လုံးအစုံမှာ မဖော်ပြသာသော အနာဂတ်ဆီသို့ ငေးမျှော်နေဟန် ရှိလေသည်။

mgyoe.com